ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

### ကောင်းမှုကို ပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေ ပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်၊ စနေနေ့။ Saturday, 29 October 2022 ၁၀၉၀၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အသည်းအထူးကုဆေးရုံတွင် တပ်မတော်၌ ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှုခံယူခဲ့သူတစ်ဦးအား ကြည့်ရှုအားပေးစကားပြောကြားစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မင်္ဂလာဒုံမြို့နယ် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင် ၅၀၀)၊ တပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀)ရှိ အထူးကုသမှုစင်တာနှင့် တပ်မတော်အသည်းအထူးကုဆေးရုံတို့သို့ သွားရောက်ကြည့်ရှု၊ ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသူများ ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ လိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင် ၅၀၀)၊ တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)ရှိ အထူးကုသမှုစင်တာနှင့် တပ်မတော်အသည်းအထူးကုဆေးရုံတို့သို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ကြည့်ရှုအားပေးစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင် ၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀)သို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ဥပဒေများ ဖော်ပြပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြဋ္ဌာန်းသော နေပြည်တော်ရေချိုငါးလုပ်ငန်းဥပဒေ နှင့် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ တို့ကို ဖော်ပြထားပါသည်။

**ယနေ့ ဖတ်စရာ**

**ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ လုပ်ခ/လစာ ဝင်ငွေများ လွှဲပြောင်းသည့် ပမာဏအပေါ် နိုင်ငံတော်က ပံ့ပိုးငွေများ ထောက်ပံ့ပေးမည်**

စာမျက်နှာ » ၄

**e-Government စနစ်၏ အခြေခံအကျဆုံး တစ်ခုဖြစ်သည့် e-ID စနစ် အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၅

**၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ**

**၂၀၂၂ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ**

စာမျက်နှာ » ၇

ကြေးမုံ

# စည်းလုံးညီညွတ်မှုအားမာန်များဖြင့် အေးချမ်းသာယာဝပြောရေးထမ်းရွက်

မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ခဲ့သောအခြေအနေများနှင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကို အားလုံးသိရှိပြီးဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့၍ တာဝန်ရှိသူများက ဖြေရှင်းပေးရန်တောင်းဆိုခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုစဉ်က နိုင်ငံ့တာဝန်ယူထားသူများက တပ်မတော်သာမက နိုင်ငံရေးပါတီများ၏ ဖြေရှင်းပေးရန် တောင်းဆိုမှုများကို လျစ်လျူရှု၍ နိုင်ငံတော်အာဏာကို အဓမ္မနည်းလမ်းဖြင့်ရယူရန် ကြိုးစားလာသဖြင့် တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာဘဲ ထိန်းသိမ်းဆောင်ရွက်ခဲ့ရသည်။

ထိုအခါ နိုင်ငံတော်အာဏာကို မတရားသည့်နည်းလမ်းဖြင့် ရယူရန်ကြံစည်ထားပြီးနောက် အာဏာလက်လွှတ်လိုက်ရသည်ကို မကျေနပ်သဖြင့် အစွန်းရောက်နိုင်ငံရေးသမားများက CRPH၊ NUG အကြမ်းဖက်အဖွဲ့များကိုဖွဲ့စည်း၍ ပြည်တွင်းမှ ပြည်သူများကို သွေးထိုးမြှောက်ပင့်ပေးပြီး PDF အမည်ခံအကြမ်းဖက်အဖွဲ့များ အသီးသီးပေါ်ပေါက်လာခဲ့သည်။ CRPH၊ NUG အကြမ်းဖက်အဖွဲ့များနှင့် ၎င်းတို့၏ လက်ဝေခံ PDF အကြမ်းဖက်အဖွဲ့များသည် နိုင်ငံအတွင်း၌ အကြမ်းဖက်လုပ်ရပ်များကို ထိုအချိန်မှစ၍ ယနေ့ထက်တိုင် တစိုက်မတ်မတ် လုပ်ဆောင်နေကြသည်။ အပြစ်မဲ့ပြည်သူများ၊ သီလရှင်နှင့်သံဃာတော်များ၊ ပညာရေးနှင့်ကျန်းမာရေးဝန်ထမ်းများ၊ အပြစ်မဲ့ပြည်သူများအား လူမဆန်စွာ သတ်ဖြတ်နှိပ်စက်ခဲ့ကြသည်။

ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသော တပ်မတော်နှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များက CRPH၊ NUG အကြမ်းဖက်အဖွဲ့များနှင့် ၎င်းတို့၏လက်ဝေခံ PDF အကြမ်းဖက်သမားများအား ဥပဒေနှင့်အညီ ကိုင်တွယ်ဆောင်ရွက်လျက်ရှိသည်။ လက်ရှိအခြေအနေတွင် အကြမ်းဖက်အဖျက်သမားများ လက်ချက်ကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်သေကျေပျက်စီးရသလို အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူများအား ဥပဒေနှင့်အညီ ထိရောက်စွာတိုက်ခိုက်နှိမ်နင်းလျက်ရှိရာ အကြမ်းဖက်အဖျက်လုပ်ရပ်ကို ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ပြီး အဖျက်လက်နက်ခဲယမ်းအမြောက်အမြားကို သိမ်းဆည်းရမိနိုင်ခဲ့သည်။ တပ်မတော်သည် အကြမ်းဖက်အဖျက်သမားများကို အကြမ်းဖက်နှိမ်နင်းရေးဥပဒေနှင့်အညီ ထိရောက်စွာနှိမ်နင်းနိုင်ခဲ့ပြီ။ အကယ်၍ မနှိမ်နင်းနိုင်ပါက တိုင်းပြည်ပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

ပြည်တွင်း/ပြည်ပ သွေးခွဲသူများနှင့်အဖျက်သမားများက ၎င်းတို့၏ရည်မှန်းချက် မျှော်မှန်းသလိုဖြစ်မလာသောအခါ နိုင်ငံ၏ဖြစ်ပေါ်နေသော ပကတိအခြေအနေမှန်များကို မျက်ကွယ်ပြု၍ တပ်မတော်၏ အမျိုးသားရေးတာဝန်အရ လုပ်ဆောင်နေမှုများနှင့် သမိုင်းအစဉ်အလာကြီးမားပြီး ခိုင်မာစွာတည်ဆောက်ထားသော တပ်မတော်ကိုသွေးခွဲရန် ကြိုးပမ်းမှုအမျိုးမျိုးကို ပြည်ဖျက်မီဒီယာများကိုအသုံးချ၍ လုပ်ဆောင်နေကြသည်။ ထို့အပြင် တပ်မတော်က နိုင်ငံတော်တာဝန်ကို ခေတ္တထိန်းသိမ်းထားမှုကို မလိုလားသည့် ပြည်ပနိုင်ငံကြီးအချို့က ပကတိအမှန်တရားများကို မှန်ကန်စွာ ဆင်ခြင်သုံးသပ်ခြင်းမပြုဘဲ ပြည်ဖျက်မီဒီယာများနှင့် မသမာသူများဖြန့်ဝေသည့် မမှန်သတင်းများ၊ ချဲ့ကားသတင်းများ၊ ကောလာဟလ လုပ်ကြံသတင်းများကို အတည်ယူ၍ မြန်မာနိုင်ငံရပ်တည်မှုနှင့် အုပ်ချုပ်ရေးယန္တရားပျက်ပြားစေရန် ဘက်ပေါင်းစုံမှ ဖိအားပေးမှုများ၊ ထိုးနှက်တိုက်ခိုက်မှုများကို ပြုလုပ်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဖျက်အန္တရာယ်များနှင့်စိန်ခေါ်မှုများကိုကျော်လွှား၍ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်ပါ ရည်မှန်းချက်များကို အဆင့်လိုက် မမိုတ်မသုန်အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ ထို့အပြင် အမျိုးသားရေးရည်မှန်းချက် (၂) ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် နိုင်ငံရေးလုပ်ငန်းစဉ် (၂) ရပ်ဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်နေသည်။ နိုင်ငံရေးနှင့် စီးပွားရေးသည် အပြန်အလှန်အမှီသဟဲပြုနေသဖြင့် နိုင်ငံ့စီးပွားရေးကို မြှင့်တင်နိုင်ရန် နိုင်ငံ့စီးပွားရေး၏ အခြေခံဖြစ်သော စိုက်ပျိုးမွေးမြူရေးနှင့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ပေးနေသည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၇၀ ကျော် ဆိုးမွေများကို ခံစားနေရသည့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်လာစေရန် ပြန်လည်တည့်မတ်ဆောင်ရွက်ပေးနေသလို နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးကောင်းမွန်သည့် အခြေအနေတစ်ခုရောက်အောင် အခက်အခဲများ၊ စိန်ခေါ်မှုများကြားမှ ဆောင်ရွက်ပေးလျက်ရှိရာ ရည်မှန်းချက်များ အောင်မြင်စေရန်အတွက် စည်းလုံးညီညွတ်သော အားမာန်များဖြင့် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# သတင်းအေဂျင်စီနှင့် ထုတ်ဝေခြင်းလုပ်ငန်း ပိတ်သိမ်းကြောင်း အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသူများကို စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။ သတင်းအေဂျင်စီနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များ ရယူထားသူ ဦးသောင်းဝင်း သည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ခ)ပါ စည်းကမ်းချက်ကို လိုက်နာခြင်းမရှိဘဲ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့် အကြောင်းအရာများကို ရေးသားလွှင့်တင်ဖော်ပြခဲ့သည့်အတွက် ၎င်းအားထုတ်ပေးထားသည့် ဧရာဝတီသတင်းအေဂျင်စီနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသီးသီးကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်မှစတင်၍ ပိတ်သိမ်းလိုက်ကြောင်းနှင့် ၎င်းသတင်းအေဂျင်စီနှင့် ထုတ်ဝေခြင်းလုပ်ငန်းများအနေဖြင့် မီဒီယာအမျိုးအစား တစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ ရေးသားထုတ်လွှင့်ဖော်ပြခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂၈

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆန်၊ ဆီ၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (ကျိုင်းတုံ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသီဟဇော်နှင့် တာဝန်ရှိသူများသည် ကျိုင်းတုံမြို့နယ် ဇေတဝန်ဘုန်းတော်ကြီးကျောင်းသို့ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများနှင့် လှူဖွယ်ဝတ္ထု အစုစုတို့ကို သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။



သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၈ - ၁၀ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၄၀၀ | ၉,၃၀၀ | ၁,၅၄၃ | ၁၄,၄၇၂,၄၀၀ |
| MTSH | ၃,၄၀၀ | ၃,၄၀၀ | ၄,၄၂၈ | ၁၅,၀၅၅,၂၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၉၄ | ၇၂၃,၈၀၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၁၀၀၀ | ၂၀,၀၀၀,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၆၅ | ၁၇၅,၅၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၃၀ | ၈၁,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၅၀ | ၂၅၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၂၈

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၁၉၀.၃ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၈၉.၃၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၅.၄၆၀ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၄၄.၆၈ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၄၆၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၄၆.၃ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၈၅.၈ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၄၂၁.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၇.၃၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

✰ ရှေ့ဖုံးမှ

ထို့နောက် ဆေးရုံအစည်းအဝေးခန်းမများတွင် ဆေးရုံတပ်မှူးများက ဆေးကုသမှုဆိုင်ရာအခြေအနေများ၊ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) အစည်းအဝေးခန်းမ၌ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

ယင်းနောက်ဆေးရုံတက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား လိုက်လံကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု အခြေအနေများအား မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

### လက်ခံရယူကြ

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ဆေးရုံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ ဆေးရုံတပ်မှူးများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် တပ်မတော် အသည်းအထူးကုဆေးရုံသို့ သွားရောက်၍ (၇၅) နှစ်မြောက် စိန်ရတုဆေးဝန်ထမ်းတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တွင် တပ်မတော်၌ပထမဆုံး အကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှုခံယူခဲ့သည့် လူနာနှစ်ဦးကို သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများကို လည်းကောင်း၊ အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည့် တပ်မတော်မှ ပါရဂူကြီးများနှင့် ဆေးမှူးများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း ပေးအပ်သည်။

### အောင်မြင်စွာ ခွဲစိတ်ခဲ့

အသည်းအစားထိုးကုသမှုတွင် တပ်ခွဲတပ်ကြပ်ကြီး အောင်ချစ်ဝင်းနှင့် ၎င်း၏ အသည်းအလှူရှင်ဖြစ်သည့် ဇနီးဖြစ်သူ ဒေါ်မျိုးသူဇာ၊ အသည်းအစားထိုးကုသသူ ဒေါ်ခင်သူဇာမျိုးနှင့် ၎င်း၏ အသည်းအလှူရှင် အစ်မဖြစ်သူ ဒေါ်ကေသီမြင့်တို့ကို ခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ လူနာများနှင့် အလှူရှင်များမှာ အောင်မြင်စွာ ခွဲစိတ်ခဲ့ပြီးနောက် ရက်ပေါင်း ၃၀ နှင့် ၃၁ ရက် ရောက်ရှိသည့် ကာလအတွင်း လူကောင်းပကတိဖြစ်သည်အထိ ကျန်းမာ ပျော်ရွှင်လျက်ရှိပြီး သက်ဆိုင်ရာအသည်းအထူးကု ဆရာဝန်ကြီးများ၏ အနီးကပ်ပြုစုစောင့်ရှောက်မှု မလိုအပ်တော့သည့် အခြေအနေဖြစ်သော်လည်း ပါရဂူကြီးများနှင့် ဆေးမှူးများက မွန်မြတ်သောစေတနာဖြင့် ပိုမိုစိတ်ချကောင်းမွန်စေရန်အတွက် ဆက်လက်၍ ကြည့်ရှုစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၌ တက်ရောက်ဆေးကုသမှုခံယူနေသူတစ်ဦးအား မေးမြန်းအားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အသည်းအထူးကုဆေးရုံကြီးတွင် တပ်မတော်၌ ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှုခံယူခဲ့သည့် လူနာတစ်ဦးအား ကြည့်ရှုအားပေးစကားပြောကြားစဉ်။

**အသည်းအစားထိုးကုသမှုတွင် တပ်ခွဲတပ်ကြပ်ကြီး အောင်ချစ်ဝင်းနှင့် ၎င်း၏ အသည်းအလှူရှင်ဖြစ်သည့် ဇနီးဖြစ်သူ ဒေါ်မျိုးသူဇာ၊ အသည်းအစားထိုးကုသသူ ဒေါ်ခင်သူဇာမျိုးနှင့် ၎င်း၏ အသည်းအလှူရှင် အစ်မဖြစ်သူ ဒေါ်ကေသီမြင့်တို့ကို ခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ လူနာများနှင့် အလှူရှင်များမှာ အောင်မြင်စွာ ခွဲစိတ်ခဲ့ပြီးနောက် ရက်ပေါင်း ၃၀ နှင့် ၃၁ ရက်ရောက်ရှိသည့် ကာလအတွင်း လူကောင်းပကတိဖြစ်သည်အထိ ကျန်းမာပျော်ရွှင်လျက်ရှိပြီး သက်ဆိုင်ရာအသည်းအထူးကု ဆရာဝန်ကြီးများ၏ အနီးကပ်ပြုစုစောင့်ရှောက်မှု မလိုအပ်တော့သည့် အခြေအနေဖြစ်သော်လည်း ပါရဂူကြီးများနှင့် ဆေးမှူးများက မွန်မြတ်သောစေတနာဖြင့် ပိုမိုစိတ်ချကောင်းမွန်စေရန်အတွက် ဆက်လက်၍ ကြည့်ရှုစောင့်ရှောက်ပေးလျက်ရှိ**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၂၈**

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိအမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ညှိနှိုင်းရေး ကော်မတီဝင်များ၊ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းနှင့် အလုပ်အဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်နှင့် နိုင်ငံရေး ပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ ခေါင်းဆောင် ရှမ်းတိုင်းရင်းသား များ ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းတို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။ ယင်းနောက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)မှ ပြင်ဆင်လိုသည့်အချက် ၁၁ ချက်နှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့မှ တစ်ချက်ချင်းအလိုက် အဆိုပြုတင်ပြပြီး ညှိနှိုင်းရေးကော်မတီမှ လေ့လာဆန်းစစ် တွေ့ရှိချက်များအား တစ်ချက်ချင်းအလိုက် အလွတ်သဘော ပြန်လည်ရှင်းလင်း ဆွေးနွေးပြီးနောက် အဆိုပြုချက်များ အပေါ် တက်ရောက်လာသူများက မိမိတို့၏ သဘောထားများအား အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြသည်။

ယင်းနောက် နှစ်ဖက်ဆွေးနွေးချက်များအရ ရရှိလာသည့် သဘောထားများအား သဘောထား စုစည်းချက်များအဖြစ် မှတ်တမ်း တင်ခဲ့ကြသည်။ ထို့နောက် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ ခေါင်းဆောင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားကြပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ပရောက်မြန်မာနိုင်ငံသားများ၏ လုပ်ခ/လစာဝင်ငွေများ လွှဲပြောင်းသည့် ပမာဏအပေါ် နိုင်ငံတော်က ပံ့ပိုးငွေများ ထောက်ပံ့ပေးမည်

နိုင်ငံတော်အတွက် နိုင်ငံခြားငွေများကို တစ်ဖက်တစ်လမ်းက ရှာဖွေပေးလျက်ရှိသည့် ပြည်ပရောက်မြန်မာနိုင်ငံသားများအား နိုင်ငံတော်က ချီးမြှောက်သောအားဖြင့် ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ နိုင်ငံခြားသုံးငွေဖြင့်ရရှိသော လုပ်ခ/ လစာဝင်ငွေများကို ပြည်ပမှ ပြည်တွင်းသို့နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရဘဏ်များမှတစ်ဆင့် လွှဲပို့ခြင်းအတွက်အမေရိကန် တစ်ဒေါ်လာ(ယင်းနှင့်ညီမျှသောနိုင်ငံခြားငွေ)အပေါ်တွင် ၃၀ ကျပ် အား နိုင်ငံတော်က အပိုဆောင်းငွေအဖြစ် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းနှင့် ယင်းသို့ပံ့ပိုးငွေများကို ငွေထုတ်ယူသည့်နေ့တွင် ချက်ချင်းထည့်သွင်းပေးသွားမည်ဖြစ်ပြီး ၁-၁၁-၂၀၂၂ ရက်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

( ၂၈-၁၀-၂၀၂၂)

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ကြေညာချက်

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ပထမနှစ်(ဒုတိယနှစ်ဝက်) နှင့် ဒုတိယနှစ်မှ ပါရဂူဘွဲ့အထိ သင်တန်းများအားလုံးကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။ ကျောင်းအပ်လက်ခံခြင်းကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၁၈ ရက်အထိ (စနေနှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည် ဖြစ်သည်။

၂။ ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ် (ပထမနှစ်ဝက်) သင်တန်းများကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

# အမျိုးသားစာပေတစ်သက်တာဆုရ ဆရာမကြီး စည်သူဒေါ်ကြန်၏ ဆုတံဆိပ်များလှူဒါန်းခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၈**

အမျိုးသားစာပေတစ်သက်တာဆုရ ဆရာမကြီး စည်သူဒေါ်ကြန်၏ ဆုတံဆိပ်များလှူဒါန်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက အမျိုးသား ပြတိုက်(နေပြည်တော်) ရှင်းလင်းဆောင်၌ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားတွင် ဆရာမကြီး စည်သူဒေါ်ကြန်၏ကိုယ်စား တူသားဖြစ်သူ ဒေါက်တာသန်းထွန်းအောင်က အမျိုးသားစာပေတစ်သက်တာဆုရ ဆရာမကြီး စည်သူဒေါ်ကြန်၏ ဆုတံဆိပ်များကို လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေါက်တာ သန်းထွန်းအောင်က အမျိုးသားစာပေ တစ်သက်တာဆုရ ဆရာမကြီး စည်သူဒေါ်ကြန်၏ ဆုတံဆိပ်များကို လွှဲပြောင်းပေးအပ်ရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဆရာမကြီးဒေါ်ကြန်နှင့် ဒေါက်တာရီရီတို့သည် အင်္ဂလန်နိုင်ငံသို့ သွားရောက်ခဲ့စဉ်က ဝိတိုရိယပြတိုက်နှင့် အယ်လ်ဘတ်ပြတိုက်မှ မြန်မာမင်းခမ်းတော်များကို ဓာတ်ပုံရိုက်ယူနိုင်ခဲ့သည့် အကျိုးဆက်အနေဖြင့် တော်လှန်ရေးကောင်စီလက်ထက်တွင် အမျိုးသားပြတိုက်(ရန်ကုန်)၌ ယခုပြသထားသော မင်းခမ်းတော်ပစ္စည်းများကို မြန်မာနိုင်ငံသို့ ပြန်လည်လွှဲအပ်ပေးခဲ့သဖြင့် ဆရာမကြီး၏ကျေးဇူး အများကြီးရှိပါကြောင်း၊ ဆရာမကြီးဒေါ်ကြန်သည် အမျိုးသားစာပေဆု ငါးကြိမ်၊ အမျိုးသားစာပေ တစ်သက်တာဆု၊ ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုတို့ကို ရရှိခဲ့သည့်အပြင် ဝိဇ္ဇာပညာထူးချွန်ဆု (ပထမအဆင့်)၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ချီးမြှင့်သော ထူးချွန်အမျိုးသမီးဆု၊ နိုင်ငံတော်မှ ချီးမြှင့်သော စည်သူဘွဲ့တံဆိပ်တို့ကိုလည်း ရရှိခဲ့ပါကြောင်းနှင့် ဆရာမကြီးရရှိခဲ့သည့် ဆုတံဆိပ်များ၊ ဂုဏ်ပြုလက်မှတ်များစွာရှိသည့်အနက်မှ အချို့ကို ယခုကဲ့သို့ အမျိုးသားပြတိုက် (နေပြည်တော်)သို့ လှူဒါန်းပေးသည့်အတွက်လည်း လွန်စွာကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။



အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မအူပင်မြို့နယ်၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**မအူပင် အောက်တိုဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ နယ်မြေစိုးမိုးရေးအတွက် စစ်ကြောင်းကြီးငါးကြောင်းဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကျေးရွာအတွင်းရှိ ရပ်မိရပ်ဖများ၊ ပြည်သူများတွေ့ဆုံပွဲကို စွန်သိုက်ကျေးရွာအုပ်စု၊ ငါးကြီးဂရက်ကျေးရွာအုပ်စုနှင့် ရေလဲကလေးကျေးရွာအုပ်စုတို့ရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတို့၌ အောက်တိုဘာ ၂၇ ရက်က ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေး၊ မူခင်းလျော့နည်းကျဆင်းရေး၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ လွယ်ကူစွာပြုလုပ်နိုင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဒေသဖွံ့ဖြိုးရေးစသည့် လုပ်ငန်းကိစ္စရပ်များအား သက်ဆိုင်ရာဌာနများအလိုက် ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စားသုံးဆီများသန့်စင်သည့် နည်းပညာများပံ့ပိုးနိုင်ရေး တွေ့ဆုံဆွေးနွေးပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၈**

စားသုံးဆီများသန့်စင်သည့် နည်းပညာများ ပံ့ပိုးနိုင်ရေး တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက မိမိတို့နိုင်ငံတွင် မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီအုန်း၊ ပန်းနှမ်း၊ ဆီမုန်ညင်း၊ ပဲပုပ် စသည့် ဆီထွက်သီးနှံများ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော်လည်း ပြည်တွင်းဆီ စားသုံးမှုတွင် မြေပဲဆီနှင့် နှမ်းဆီနှစ်မျိုးသာ အဓိက ထုတ်လုပ်သုံးစွဲလျက်ရှိကြောင်း၊ ထို့ကြောင့် နေကြာဆီအပါအဝင် စားအုန်းဆီ၊ ပန်းနှမ်းဆီ၊ မုန်ညင်းဆီ၊ ပဲပုပ်ဆီ၊ ဝါစေ့ဆီ၊ ဖွဲ့နုဆီ စသည့် ဆီအမျိုးမျိုးကို စိုက်ပျိုးထုတ်လုပ်လျှင် စားသုံးဆီ တင်သွင်းမှုအတွက် အသုံးပြုရသော နိုင်ငံခြားငွေ ချွေတာနိုင်ခြင်းကြောင့် အခြားပြည်တွင်း လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းတိုးချဲ့ ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေး၊ စားသုံးဆီဖူလုံရေးနှင့် ဆီစက်များ အဆင့်မြှင့်တင်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကဏ္ဍ တစ်ခုနှင့်တစ်ခု အချိတ်အဆက်မိမိ ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းအဖြေရှာပြီး လက်တွေ့ အောင်မြင်အောင် အကောင်အဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲမှ စားသုံးဆီများ သန့်စင်သည့် နည်းပညာဆိုင်ရာများ သိရှိနိုင်မည် ဖြစ်သည့်အတွက် ဆီစက်လုပ်ငန်းရှင်များအနေဖြင့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အထောက်အကူရစေမည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြည်တွင်း၌ စားသုံးဆီဖူလုံရေးနှင့် သန့်စင်သောဆီများ အသုံးပြုနိုင်ရေး ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ သန့်စင်သည့် ဆီများ ထုတ်လုပ်နိုင်ရေးအတွက် ခေတ်မီဆီစက်များ ရှိရန်လိုအပ်ကြောင်း၊ သို့မှသာ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်သည့် ဆီများကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ ဆီအုန်းများကို စိုက်ပျိုးလျက်ရှိသော်လည်း စားသုံးရန်အသင့် ဖြစ်သော ဆီချောထုတ်လုပ်ရန် စိန်ခေါ်မှုများရှိနေကြောင်း၊ ပြည်တွင်း၌ စားသုံးဆီများ ထုတ်လုပ်ရာတွင် ကုန်စင်အောင် ကြိတ်ခွဲနိုင်ရေးအတွက် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှမိုးက ဌာန အနေဖြင့် ဆီစက်အသေးစားများကို တည်ဆောက်၍ ပြည်တွင်းဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် တောင်သူလယ်သမားများ အစုအဖွဲ့ သမဝါယမအသင်းများမှတစ်ဆင့် ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်အောင် ကူညီဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဆီစက်များအတွက် ကုန်ကြမ်းရရှိရေး၊ အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ဖြည့်ဆည်း ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ပြည်ပမှ စားသုံးဆီများကို တစ်နှစ်လျှင် တန်ချိန်ရှစ်သိန်းခန့် တင်သွင်းနေရကြောင်း၊ ပြည်တွင်းရှိ ဆီစက်များကို စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းရှိ ဆီစက်များအား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်လျှင် အနာဂတ်စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် စားသုံးဆီများ သန့်စင်သည့် နည်းပညာများရရှိရေး အတွက် မူဝါဒပိုင်းဆိုင်ရာ၊ ဘာသာရပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို အစွမ်းကုန် ကူညီဖြည့်ဆည်းပေးသွား မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က ထုတ်ကုန်များနှင့်ပတ်သက်၍ စံချိန်စံညွှန်းများ သတ်မှတ်ထားရန်လိုကြောင်း၊ စံချိန်စံညွှန်းများနှင့် အညီ ဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းများ ကိုလည်း ချမှတ်ထားရန်လိုအပ်ကြောင်း၊ ဝန်ကြီး ဌာနအနေဖြင့် စံချိန်စံညွှန်းဆိုင်ရာကိစ္စရပ်များ၊ ဓာတ်ခွဲခန်းဆိုင်ရာကိစ္စရပ်များ၊ နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အပြည့်အဝကူညီ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြား သည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ဒုတိယပိုင်း အခမ်းအနားအစီအစဉ် များကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ စားသောက် ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယ ဥက္ကဋ္ဌက မြန်မာစားသုံးဆီထုတ်လုပ်သော လုပ်ငန်း များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အကြံပြုခေါင်းစဉ် ဖြင့်လည်းကောင်း၊ အစာအာဟာရဆိုင်ရာ သိပ္ပံနှင့် နည်းပညာအသင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေး ရေးဦးစီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မြန်မာနိုင်ငံဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းတို့မှ တာဝန်ရှိသူများနှင့် ဘာသာရပ်ဆိုင်ရာ ပညာရှင်များက ဆီသန့်စင်ထုတ်လုပ်သည့် နည်းပညာများ၊ ဖွံ့ဖြိုးရေးချေးငွေအစီအမံများ၊ စံချိန် စံညွှန်းရေးဆွဲမှုများ၊ FDA ဆိုင်ရာ သိကောင်းစရာများ၊ ဈေးကွက်တွင် ဆီထွက်သီးနှံရောင်းချမှုများအကြောင်း ဆွေးနွေးတင်ပြမှုများအပေါ် တက်ရောက်လာကြ သည့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပြီး စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရ သည်။

**သတင်းစဉ်**

# e-Government စနစ်၏ အခြေခံအကျဆုံးတစ်ခုဖြစ်သည့် e-ID စနစ် အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၈**

နိုင်ငံတွင်းနေထိုင်သူ အသက် (၁၀) နှစ်နှင့် အထက် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့် ရသူ၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် PR ဖြင့် ခွင့်ပြုထားသူ၊ အမြဲနေ အခွန်ဆောင်နိုင်ငံခြား သားများ စသည်တို့၏ ကိုယ်ရေးအချက်အလက် နှင့် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူ၍ Database တွင် သိမ်းဆည်းပြီး ဂဏန်း ၁၀ လုံး ပါသည့် Unique ID နံပါတ်ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း e-ID စနစ်လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် က ပြောကြားသည်။

**ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး**

e-Government စနစ်၏ အခြေခံအကျဆုံး လုပ်ငန်းတစ်ခုဖြစ်သည့် e-ID စနစ် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆောင်ရွက်လျက် ရှိသည့် e-ID စနစ် လုပ်ငန်းကော်မတီ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်း အဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက e-ID စနစ် လုပ်ငန်းကော်မတီသည် ပြည်တွင်းနည်းပညာ အကြံ ပေးအဖွဲ့ဝင်များ၊ ပြည်တွင်းနည်းပညာဆိုင်ရာ ပညာရှင်များဖြင့် ညှိနှိုင်းပေါင်းစပ်ကာ System Architecture Design၊ e-ID စနစ်ဆိုင်ရာ စီမံချက် Master Plan ၊ နည်းဥပဒေနှင့် နိုင်ငံခြားသား အကြံပေး ငှားရမ်းခြင်းဆိုင်ရာ TOR ရေးဆွဲအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ e-ID စနစ်လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်တွင်း မှ နည်းပညာရှင်များ၏ အကူအညီဖြင့် Software ရေးဆွဲကာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မိမိတို့ဌာန၏ မြို့နယ်ရုံးများရှိ နိုင်-၄ မှတ်တမ်း ၅၂ သန်းကျော်ကို e-ID Biographic Registration System အတွင်း ဖြည့်သွင်းခဲ့ပြီးဖြစ်ကြောင်း၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ FRC ၊ PR ရရှိသူတို့၏ အချက်အလက်များကိုလည်း Database Server အတွင်းသို့ ဆက်လက်ထည့်သွင်းခဲ့ကြောင်း၊ ထို့ပြင် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ၁၃ သန်းကျော်ကိုနိုင်-၄ Database Server မှတစ်ဆင့် ချိတ်ဆက်၍ Household Registration Software Program အတွင်းသို့ ထည့်သွင်းပြီးစီးခဲ့ပြီးဖြစ် ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ဆိုက်ဘာ လုံခြုံရေးအစီအမံများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အချက်အလက်များ မှန်ကန်ပြည့်စုံ တိကျစေရေး အတွက်လည်း နည်းပညာနှင့် မူဝါဒဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်လျက် ရှိကြောင်း။

ပထမအဆင့် e-ID စနစ်ဖြင့် ကောက်ယူမည့် ဦးတည်အုပ်စုများ လျာထားဆောင်ရွက်၍ လာမည့် နိုဝင်ဘာလအတွင်း ပြည်ထောင်စုနယ်မြေရှိ နိုင်ငံ့ ဝန်ထမ်းများကို Pilot Project ဖြင့် ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များ အောင်မြင် စွာဆောင်ရွက်နိုင်ပြီး e-ID စနစ် ဆောင်ရွက်မည့်



နည်းပညာဆိုင်ရာ ပစ္စည်းများရရှိပါက တိုင်းဒေသ ကြီး/ပြည်နယ်အလိုက် ဆက်လက်ကောက်ယူနိုင်ရေး အဆင့်ဆင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ e-ID စနစ် အောင်မြင်စွာ ဆောင်ရွက်နိုင်မှသာ လူတစ်ဦး ချင်းစီ၏ မှန်ကန်သော အချက်အလက်များရရှိပြီး နိုင်ငံတော်၏ e-Government စနစ်နှင့် National Database စနစ်ကို အကောင်အထည် ဖော်ရာတွင် ချောချောမွေ့မွေ့ အောင်အောင်မြင်မြင် ဆက်လက် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် e-ID စနစ်နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် အဘက်ဘက်မှ သုံးသပ်ကာ ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အီလက်ထရောနစ်မှတ်ပုံတင်စနစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဟိန်းက e-ID စနစ်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက် လာကြသည့် ဝန်ကြီးဌာနအသီးသီးမှ ကော်မတီ အဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်ချက်များနှင့် e-ID နည်းပညာဆိုင်ရာပစ္စည်းများ ဝယ်ယူနိုင်ရေး အတွက် တင်ဒါခေါ်ယူရာတွင် ဆောင်ရွက်သင့်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေး ကြသည်။

ဆက်လက်၍ e-ID စနစ်လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်လှူမွန်က တင်ဒါခေါ်ယူရေးနှင့်ပတ်သက်၍ လည်းကောင်း၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်က ဆပ်ကော်မတီအလိုက်ဆောင်ရွက် မှုများနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးတင်ပြ ကြသည်များကို ထပ်မံသုံးသပ် အကြံပြုဆွေးနွေး ကြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိသည့် ကျေးရွာချင်းဆက်လမ်းနှင့်တံတားများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်း ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာချင်းဆက်လမ်းနှင့် တံတားတည်ဆောက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(အပ်ငွေ)ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့မှ တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဇီးကုန်း-လေသာ-သရက်တောလမ်းပေါ်ရှိ ဆင်သေချောင်းကူးတံတား (ဇီးကုန်း) အရှည်ပေ ၄၅၀ တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နေပြည်တော်ကောင်စီငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အရှည် ၆ ဒသမ ၆၃ ဖာလုံရှိ ဇီးကုန်း-လေသာ ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



အဆိုပါ ကျေးရွာချင်းဆက်လမ်းနှင့် တံတားများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပါက လမ်းဘေး ဝဲ/ယာရှိ ကျေးရွာ ၁၁ ရွာတို့မှ ဒေသခံပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် အကျိုးပြုပေးနိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရုံးအမှတ်(၁၆)ရှိ ဝန်ကြီးဌာန စားရိပ်သာ၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီးရုံး၊ သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းမိသားစုများ၏ စားဝတ်နေရေး အဆင်ပြေစေရေး၊ လုပ်ငန်းခွင် ပျော်ရွှင်စေရေးနှင့် ဝန်ထမ်းသက်သာချောင်ချိရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ နေ့လယ်စာကို ဝန်ထမ်းများနှင့်အတူ လက်ရည်တစ်ပြင်တည်း အတူတကွသုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သိပ္ပံနှင့် နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့် (၂၀၂၂) ဆဋ္ဌမအကြိမ် အောင်မြင်စွာကျင်းပပြီးစီး

**ပြင်ဦးလွင် အောက်တိုဘာ ၂၈**

အဆင့်မြင့်ပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့် (၂၀၂၂) “Conference on Science and Technology Development –2022” ပိတ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် ပြင်ဦးလွင်တပ်နယ်စစ်တက္ကသိုလ် အဆင့်မြင့်စာပေပညာဗဟိုဌာန ငါးထပ်စာသင်ဆောင်ရှိ Multifunction Hall ၌ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။

အဆိုပါကွန်ဖရင့်သို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ တပ်မတော်တက္ကသိုလ်များမှ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခချုပ်များနှင့် အရာရှိများ၊ အရပ်ဘက်တက္ကသိုလ်များမှ ပါမောက္ခများ၊ တပ်နယ်မှ မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်း တက်ရောက်နေသော သင်တန်းသားအရာရှိများ၊ ဗိုလ်လောင်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကိုယ်တိုင်လာရောက်စာတမ်းမဖတ်ကြားနိုင်သော Keynote Speaker များ၊ အရပ်ဘက်တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

နှစ်ရက်တာ ကွန်ဖရင့်ကျင်းပစဉ်ကာလအတွင်း ဖိတ်ကြားထားသော ပါမောက္ခများ၏ စာတမ်းလေးစောင် အပါအဝင် စုစုပေါင်း သုတေသနစာတမ်း ၁၂၃ စောင် ဖတ်ကြားနိုင်ခဲ့ပြီး ပိုစတာ ၂၃ စောင်ကို ပြသနိုင်ခဲ့သည်။

သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့်(၂၀၂၂)တွင် အကောင်းဆုံးစာတမ်းဆုခုနစ်ဆုနှင့် အကောင်းဆုံးပိုစတာဆု နှစ်ဆု ပေးအပ်ချီးမြှင့်ခဲ့ရာ တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) တို့က ပေးအပ်ချီးမြှင့်ခဲ့သည်။




သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အရပ်ဘက်တက္ကသိုလ်များမှ တက်ရောက်ပြီး စာတမ်းဖတ်ကြားခြင်းနှင့် ဆွေးနွေးအကြံပြုခြင်းများ လုပ်ဆောင်ပေးခဲ့ကြသည့် ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် စာတမ်းရှင်များကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပေးပို့သော ဂုဏ်ပြုလက်ဆောင်များကို ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက အမှာစကားပြောကြားပြီး သိပ္ပံနှင့် နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့် (၂၀၂၂) ကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြေသြဇာများ တင်သွင်း ထုတ်လုပ် ဖြန့်ချိနိုင်ရေးအတွက် မြေသြဇာကော်မတီက မြေသြဇာမှတ်ပုံတင် ၉၅၀၀ ကျော်ကို ခွင့်ပြုပေးပြီးဖြစ်

**နေပြည်တော် အောက်တိုဘာ ၂၈**

မြေသြဇာများကို တင်သွင်း ထုတ်လုပ် ဖြန့်ချိနိုင်ရေးအတွက် မြေသြဇာနည်းပညာကော်မတီက စစ်ဆေးအတည်ပြုတင်ပြလာသည့် လုပ်ငန်းများအပေါ် မြေသြဇာကော်မတီက တည်ဆဲမြေသြဇာဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ထုတ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ မြေသြဇာကော်မတီ၏ (၃၆)ကြိမ်မြောက် အစည်းအဝေးပြီးဆုံးချိန်အထိ မြေသြဇာမှတ်ပုံတင် ၉၅၀၀ ကျော်ကို ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။



မြေသြဇာကော်မတီ၏ (၃၇)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ မြေသြဇာကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ကော်မတီဝင်များ စုံညီစွာ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက နိုင်ငံတကာတွင် ဓာတ်မြေသြဇာဈေးနှုန်းများ ကြီးမြင့်လာမှုကြောင့် ပြည်တွင်းသုံးစွဲသူ တောင်သူများအနေဖြင့်လည်း ဓာတ်မြေသြဇာသုံးစွဲမှုလျှော့ချပြီး သဘာဝမြေသြဇာနှင့် တွဲဖက်သုံးစွဲမှု များပြားလာကြသည်နှင့်အမျှ သဘာဝမြေသြဇာ ထုတ်လုပ်ရောင်းချမှုများလည်း တိုးပွားလာလျက်ရှိကြောင်း၊ ဈေးကွက်လိုအပ်ချက်အရ သဘာဝမြေသြဇာကို စီးပွားဖြစ်ထုတ်လုပ်သူများရှိသကဲ့သို့ တစ်ပိုင်တစ်နိုင် လုပ်ကိုင်သူများလည်း ဒေသအနှံ့တွင် ရှိနေကြောင်း၊ သို့ဖြစ်ရာ သဘာဝမြေသြဇာ ထုတ်လုပ်ရောင်းချသူနှင့် သုံးစွဲသူတောင်သူများ၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် တည်ဆဲမြေသြဇာ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီဖြစ်စေရေး၊ ထုတ်လုပ်ရောင်းချသော သဘာဝမြေသြဇာ၏ ပါဝင်ပစ္စည်းနှင့် ထုတ်လုပ်မှုအရည်အသွေး အာမခံချက်ရှိရေးအတွက် လိုအပ်သော ထိန်းကျောင်းကြပ်မတ်မှုနှင့် နည်းပညာပေးခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြေသြဇာကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက အစည်းအဝေးတွင် သုံးသပ်ဆောင်ရွက်ရမည့် မြေသြဇာတင်သွင်းခွင့်ဆိုင်ရာ ကိစ္စရပ်များ၊ မြေသြဇာမှတ်ပုံတင်ခွင့်ပြုရေးဆိုင်ရာ ကိစ္စရပ်များကိုတင်ပြရာ အစည်းအဝေး တက်ရောက်လာကြသူများက အကြောင်းအရာ တစ်ခုချင်းအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့်အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

## အမျိုးသားစာပေတစ်သက်တာဆုကို စာပေပညာရှင် ဆရာကြီး ဦးမြတ်သူ (တက္ကသိုလ်မြတ်သူ)၊ စာပေပညာရှင် ဆရာကြီး ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာမျိုးသန့်တင်၊ စာပေပညာရှင် ဆရာမကြီး ဒေါက်တာမတင်ဝင်းတို့ရရှိ

**နေပြည်တော်   အောက်တိုဘာ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်လုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင် ဆရာကြီး ဦးမြတ်သူ (တက္ကသိုလ်မြတ်သူ)၊ စာပေပညာရှင် ဆရာကြီး ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာမျိုးသန့်တင်၊ စာပေပညာရှင် ဆရာမကြီး ဒေါက်တာမတင်ဝင်းတို့အား ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်ကြောင်း ကြေညာသည်။

ထို့နည်းတူ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၁ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့်စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုဆုတွင် မင်းခိုက်စိုးစန်ရေးသားသည့် **ဂျစ်ကန်ကန်ဝတ္ထုတိုများ**စာအုပ် (ငါတို့စာပေတိုက်)၊ စာပဒေသာဆုတွင် စိုးတင့်(ရောဝတီ) ရေးသားသည့် **ဖိုးထောင်ဇာတ်လမ်းစုံ**စာအုပ် (နိုင်ငံ့ဂုဏ်ရည်စာပေတိုက်)၊ မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆုတွင် ရွှေကူနန်းနွဲ့နွဲ့ ရေးသားသည့် **ညောင်ရမ်းခေတ်ဝန်ကြီးပဒေသရာဇာ၏ မဏိကက်ပြဇာတ်ကို တေးဂီတရှုထောင့်မှ လေ့လာခြင်း**စာအုပ် (သစ္စာရောင်ခြည်စာပေတိုက်)၊ လူငယ်စာပေဆုတွင် အကြီးကိုကို(ကသာ)ရေးသားသည့် **လူငယ် ၁၀၀ မေးခွန်း ၁၀၀ အဖြေ ၁၀၀** စာအုပ် (အကြီးကိုကိုစာအုပ်တိုက်)၊ ဘာသာပြန်(သုတ)ဆုတွင် သက်ဆွေရေးသားသည့် **အရှက်တကွဲ အကျိုးနည်း**စာအုပ် (Myanmar Heritage Publishing)၊ သုတပဒေသာ (ဝိဇ္ဇာ)ဆုတွင် ပန်းတနော်ခင်မောင်မြင့် ရေးသားသည့် **ရာမည** စာအုပ် (ဖွန်ပန်းမွှေးမွှေးစာပေတိုက်)၊ သုတပဒေသာ (အသုံးချသိပ္ပံ)ဆုတွင် ဒေါက်တာသန်းထိုက်ရေးသားသည့် **သိပ္ပံနည်းကျဒေတာလမ်းပြစားသောက်ကုန် တာရှည်ခံထိန်းဓာတုပစ္စည်းများ စံချိန်စံညွှန်းပြည့်မီစွာ အသုံးပြုနည်း**စာအုပ် (MCM Publishing )၊ အင်္ဂလိပ်ဘာသာ(သုတ) ဆုတွင် Maw Thar Htwe (Mandalay) ရေးသားသည့် **GLOBAL PERSPECTIVE VIEWS ON ENERGY AND ELECTRICITY** စာအုပ် (Tha Zin – Sar Pay)၊ အင်္ဂလိပ်ဘာသာ(ရသ)ဆုတွင် Maung Swe Ngae ရေးသားသည့် **Through the Window of Sarpay Beikman** စာအုပ် (နိုင်ငံ့ဂုဏ်ရည်စာပေတိုက်) တို့ကို ရွေးချယ်ကြောင်း ကြေညာသည်။

အမျိုးသားစာပေတစ်သက်တာဆုကို တစ်ဦးလျှင် ငွေကျပ် သိန်း ၁၀၀ ချီးမြှင့်မည်ဖြစ်ပြီး အမျိုးသားစာပေဆုများကို တစ်ဆုလျှင် ငွေကျပ် သိန်း ၃၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားစာပေစိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများပါဝင်သော ပုဂ္ဂိုလ် ၂၈ ဦးဖြင့် ဖွဲ့စည်းထားပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်းသိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်ရှိအမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီအတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁-၂၄၀၀၄၈ နှင့် စီမံရေးရာ တယ်လီဖုန်းအမှတ် ၀၁-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅x၈) လက်မ ရောင်စုံဓာတ်ပုံနှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို ၁၃၈၄ခုနှစ် နတ်တော်လဆန်း ၁ ရက် (စာဆိုတော်နေ့)၊ ၂၀၂၂ခုနှစ် နိုဝင်ဘာလ ၂၃ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့်အချိန်နှင့် နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၁ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

**နေပြည်တော်   အောက်တိုဘာ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ကကြီးမှူးကျင်းပသည့် ၂၀၂၁ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသောစာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို ကိုထွန်း(ကျယ်ဂေါင်)၏ **ကြိုလင့်နေပါ မြသီတာ**၊ ဒုတိယဆုကို သန်းဝင်းထွန်း(ဆွာ)၏ **ကြွေလုလုဝေ**၊ တတိယဆုကို ကိုရင်ကျော်၏ **အရိုင်းပန်းတစ်ပွင့် အလှဂုဏ်တင့်လေတော့** စာမူများကလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို ရဲမင်းစိုး၏ **တိမ်တွေလွင့်မျောနေသည်နှင့် အခြားဝတ္ထုတိုများ**၊ ဒုတိယဆုကို တက္ကသိုလ်မြမဥ္ဇူ၏ **ဘဝမြစ်ပြင်ကျယ်နှင့် အခြားဝတ္ထုတိုများ**၊ တတိယဆုကို သခင်(ဇလွန်မြေ)၏ **အိမ်နှင့်အခြားဝတ္ထုတိုများ** စာမူများကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို စဆနိုင်၏ **အမေပေးသောကဗျာများ**၊ ဒုတိယဆုကို သမီးပျို၏ **မြင်းမိုရ်သို့ ပန်းသဝဏ်လွှာ**၊ တတိယဆုကို ဇလွန်ကျော်ဦး၏ **ပန်းပြလမ်းနှင့် အခြားကဗျာများ** စာမူများက လည်းကောင်း၊ သုတပဒေသာ (ဝိဇ္ဇာ) ဆုတွင် ပထမဆုကို သောင်းညွှန့်သစ်(အမျိုးသားစာပေဆုရ)၏ **ခေတ်အဆက်ဆက် မြန်မာ့သစ်တောများ စီမံအုပ်ချုပ်မှု**၊ ဒုတိယဆုကို အရှင်ရေဝတ(ရွှေကွမ်းသား)၏ **ဘိုကလေး၏ မှတ်တမ်းဇာတ်လမ်းအလင်္ကာ**၊ တတိယဆုကို လွင်မြန်မာ(မန်းတက္ကသိုလ်)၏ **မော်ကွန်းကဗျာအညွှန်း** စာမူများကလည်းကောင်း၊ သုတပဒေသာ(ရိုးရိုးသိပ္ပံနှင့်အသုံးချသိပ္ပံ) ဆုတွင် ပထမဆုကို ဇော်လွင်ဦး(ဟသ်ာတ)၏ **မင်းပူးဆရာတော် ဦးဩဘာသ၏ ဝေဿန္တရာဇာတ်တော်ကြီးလာအပင်များနှင့်** တတိယဆုတွင် ကိုထွန်းလူ(ခြံစိုက်ပျိုးသူ)၏ **မက္ကာဒေးမီးယားနှစ်ရှည်ပင်များ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ခြင်း** စာမူများကလည်းကောင်း၊ စာပဒေသာဆုတွင် ပထမဆုကို မောင်ယဉ်လှိုင်(ပျဉ်းမငြိုင်)၏ **ရှေးမြို့ဟောင်းများသမိုင်းခြေရာခံ ခရီးသွားလေ့လာရေးဆောင်းပါးများ**၊ ဒုတိယဆုကို ယဉ်အောင်ဟိန်း၏ **ကျောက်သမား၊ ကျောက်စိမ်းနှင့် ကျောက်လောက**၊ တတိယဆုကို **နွေကံ့ကော်(မြို့လှ)၏ အတွေ့အကြုံအဖုံဖုံ ပြည်ပပညာတော်သင်မှတ်တမ်းစုံ** စာမူများက လည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုတွင် ဒုတိယဆုကို မင်းလွင်ဦး(အောင်ပန်း)၏ **တောင်ရိုးနှင့်** တတိယဆုကို မောင်ယဉ်လှိုင်(ပျဉ်းမငြိုင်)၏ **မြန်မာမှုနယ်မှ ပလ္လင်အလှ** စာမူများကလည်းကောင်း၊ ကလေးစာပေဆုတွင် ပထမဆုကို ပုလောစိုးနံ့သာ၏ **စက္ကူလေယာဉ်ပျံ ကဗျာများ**၊ ဒုတိယဆုကို သက်ဦးခင်၏ **မင်္ဂလာရှိသောနေ့နှင့် ကလေးဝတ္ထုတိုများ**၊ တတိယဆုကို ရဲဘော်မြသိန်း(ဟိုပုံး)၏ **သုတ၊ ရသအလှဝေဖြာကလေးကဗျာများ** စာမူများကလည်းကောင်း၊ လူငယ်စာပေဆုတွင် ပထမဆုကို နွေကံ့ကော်(မြို့လှ)၏ **လူ့ဘဝခဏတာ မြင့်မြတ်စွာ လူဖြစ်ခိုက်မှာပေါ့**၊ ဒုတိယဆုကို ရေနံ့သာမောင်ကျော်ညွှန့်၏ **ရေအဆန်လေထန်ကြမ်းပေမယ့်ကမ်းရောက်ခဲ့ပြီ**၊ တတိယဆုကို ဇော်မြင့်နီ၏ **ပန်းတွေပွင့်တဲ့ ကမ္ဘာလူငယ် ဝတ္ထုတိုများ** စာမူများက လည်းကောင်း၊ ပြဇာတ်စာပေဆုတွင် ပထမဆုကို မောင်ယဉ်လှိုင်(ပျဉ်းမငြိုင်)၏ **မြန်မာ့သွေးနှင့်** တတိယဆုကို မောင်စိုးထိုက်(သုံးဆယ်)၏ **ဘဝဇာတ်ခုံပေါ်က ရသများ** စာမူများကလည်းကောင်း၊ ဘာသာပြန်ဆုတွင် ပထမဆုကို ဇွဲ၏ **ပင်လယ်ပျော်နှင့် လက်ရွေးစင်ဝတ္ထုတိုများမှ ကောက်နုတ်သော ဝတ္ထုတိုသုံးပုဒ်** စာမူများက လည်းကောင်းရရှိသည်။

စာပေဗိမာန်စာမူဆုများကို ပထမဆု ကျပ် ၁၅ သိန်း၊ ဒုတိယဆု ကျပ် ၁၀ သိန်း၊ တတိယဆု ကျပ် ခုနစ်သိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆုများကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများ ပါဝင်သော ပုဂ္ဂိုလ် ၂၄ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၂၁ ခုနှစ်ပြိုင်ပွဲသို့ တင်သွင်းလာသော စာမူ ၂၆၂ စောင်ကို သက်ဆိုင်ရာဘာသာရပ်အလိုက် ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်းသိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်ရှိ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁-၂၄၀၀၄၈ နှင့် စီမံရေးရာ တယ်လီဖုန်းအမှတ် ၀၁-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅x၈) လက်မ ရောင်စုံဓာတ်ပုံ နှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို ၁၃၈၄ခုနှစ် နတ်တော်လဆန်း ၁ ရက် (စာဆိုတော်နေ့)၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၃ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့်အချိန်နှင့်နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ်အတွက် စာမူပြိုင်ပွဲဝင်လိုသူများအနေဖြင့် စာမူများကို ၃၁-၁၂-၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ စာပေဗိမာန်ရုံးသို့ လာရောက်ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ဖလမ်းမြို့၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာဖြင့်ရောင်းချပေး

**ဖလမ်း အောက်တိုဘာ ၂၈**

ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကွက်ကဲမှုအောက် (ဟားခါး တပ်နယ်)တို့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တတိယအကြိမ်ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်းကို အောက်တိုဘာ ၂၈ ရက်က ဖလမ်းမြို့ ဖါရ်ထောက်ရပ်ကွက် မြို့တော်ခန်းမရှေ့၌ ရောင်းချကြောင်း သိရသည်။

ယင်းသို့ အခြေခံစားသောက်ကုန်ပစ္စည်းများ ရောင်းချပေးရာတွင် ဆန်နှစ်ပြည် ငွေကျပ် ၄၆၀၀၊ ပဲဆီ ၅၀ ကျပ်သား ငွေကျပ် ၆၀၀၀၊ နေကြာဆီ ၅၀ ကျပ်သား ငွေကျပ် ၅၂၀၀၊ ဆားသုံးထုပ် ငွေကျပ် ၁၀၀၀၊ ခေါက်ဆွဲခြောက်လေးထုပ်ငွေကျပ်၁၂၀၀၊ကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၃၂၀၀၊ ကြက်သွန်ဖြူတစ်ပိဿာ ငွေကျပ် ၆၀၀၀၊ အာလူးတစ်ပိဿာ ငွေကျပ် ၃၂၀၀၊ ကြက်ဥ ၁၀ လုံး ငွေကျပ် ၂၀၀၀၊ အမဲသားတစ်ပိဿာ ငွေကျပ် ၉၆၀၀၊ ဝက်သား တစ်ပိဿာ ငွေကျပ် ၉၆၀၀၊ ကြက်သား တစ်ပိဿာ ငွေကျပ် ၉၆၀၀၊ ကုလားပဲတစ်ပိဿာ ငွေကျပ် ၄၀၀၀ စသည်ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဈေးရောင်းချရာသို့ ဖလမ်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ခေါင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

**ရဲမြင့်အောင်**



# နေပြည်တော်ရေချိုငါးလုပ်ငန်းဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**နေပြည်တော်ရေချိုငါးလုပ်ငန်းဥပဒေ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်( ၄၅ /၂၀၂၂)**
၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်
( ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို နေပြည်တော်ရေချိုငါးလုပ်ငန်းဥပဒေ ဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် သက်ဆိုင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–
(က) **ကောင်စီ** ဆိုသည်မှာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီကို ဆိုသည်။
(ခ) **ဦးစီးဌာန** ဆိုသည်မှာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။
(ဂ) **နေပြည်တော်ဦးစီးဌာနမှူး** ဆိုသည်မှာ နေပြည်တော်ငါလုပ်ငန်းဦးစီးဌာနမှူးကို ဆိုသည်။
(ဃ) **ဦးစီးဌာနမှူး** ဆိုသည်မှာ နေပြည်တော်အတွင်းရှိ ခရိုင်သို့မဟုတ် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးကို ဆိုသည်။
(င) **ရေချိုငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ နေပြည်တော်အတွင်းရှိ အစဉ်အမြဲရေတည်ရှိသည်ဖြစ်စေ၊ ယာယီရေတည်ရှိသည်ဖြစ်စေ၊ ငါးများနေထိုင်ကျက်စားခိုအောင်းပေါက်ပွားကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ဂရန်အင်း၊ သီးသန့်အင်း၊ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသောရေချိုငါးလုပ်ငန်းရေပြင်၊ ရေလှောင်တမံကြီး၊ ရေလွှဲဆည်၊ တစ်ဖက်ပိတ်ဆည်၊ လျှိုပိတ်ဆည် စသည်တို့လည်း ပါဝင်သည်။
(စ) **ငါး** ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်း တစ်ပိုင်းတွင်သော်လည်းကောင်း ရေချိုငါးလုပ်ငန်းရေပြင်၌ နေထိုင်ကျက်စားသည့် ရေသတ္တဝါများအားလုံး၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များနှင့် မျိုးစေ့များကိုဆိုသည်။ ယင်းစကားရပ်တွင် ရေချိုငါးလုပ်ငန်းရေပြင်၌ ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်။
(ဆ) **ရေထွက်ပစ္စည်း** ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုမှရရှိသော ငါး၊ ငါးကိုပြုပြင်မွမ်းမံထားသောပစ္စည်း၊ ဘေးထွက်နှင့် စွန့်ပစ်ပစ္စည်း၊ အခွံ၊ အရိုးနှင့် အရေခွံတို့ကို ဆိုသည်။
(ဇ) **ရေချိုငါးလုပ်ငန်း** ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်မှ ရရှိသော ငါးနှင့်စပ်လျဉ်းသည့်လုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများလည်း ပါဝင်သည်။
(ဈ) **ငါးဖမ်းခြင်း** ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်ရှိ ငါးများကို ဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ ခြောက်လှန့်ခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများလည်း ပါဝင်သည်။
(ည) **ငါးဖမ်းကိရိယာ** ဆိုသည်မှာ ငါးဖမ်းခြင်းတွင်အသုံးပြုသည့် ပစ္စည်းကိရိယာကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်း၌ အထောက်အကူပြုသော ပစ္စည်းကိရိယာလည်း ပါဝင်သည်။
(ဋ) **ယာဉ်**ဆိုသည်မှာ ငါးဖမ်းခြင်းတွင် အသုံးပြုသည့် စက်ဖြင့်ဖြစ်စေ၊ စက်မဲ့ဖြစ်စေ ရွေ့လျားသွားလာနိုင်သည့် လှေ၊ ရေချိုငါးလုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ယာဉ်တစ်မျိုးမျိုးကို ဆိုလိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းကို အထောက်အကူပြုသည့်ယာဉ်များလည်း ပါဝင်သည်။
(ဌ) **ဂရန်အင်း** ဆိုသည်မှာနယ်နိမိတ်၊ ငါးအမျိုးအစား၊ ငါးဖမ်းကိရိယာ၊ အချိန်ကာလနှင့် ငါးဖမ်းနည်းတို့ကို စည်းကမ်းချက်များ သတ်မှတ်၍ ဦးစီးဌာနက ကောင်စီ၏အတည်ပြုချက်ရယူပြီး အငှားဂရန်ဖြင့် ရေချိုငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်။
(ဍ) **သီးသန့်အင်း** ဆိုသည်မှာ ဦးစီးဌာနက ငါးမျိုးပြုန်းတီးခြင်းမရှိစေရန်နှင့် ငါးမျိုးပွားများစေရန်အလို့ငှာ ရေချိုငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အခါအားလျော်စွာ ပိတ်ပင်တားမြစ်ရန် သတ်မှတ်ထားသောရေပြင်ကို ဆိုသည်။
(ဎ) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ဂရန်အင်းနှင့် သီးသန့်အင်းမှအပ ဦးစီးဌာနက အခြားရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ဖြစ်စေ၊ ငါးဖမ်းကွက်သတ်မှတ်ပြီး တင်ဒါအောင်မြင်သည့်အခါ လိုင်စင်ချထား၍ဖြစ်စေ၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသောရေပြင်ကို ဆိုသည်။
(ဏ) **အငှားဂရန်** ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ရေချိုငါးလုပ်ငန်းလုပ်ကိုင်ရန် ထုတ်ပေးသည့် ဂရန်ကိုဆိုသည်။
(တ) **နှစ်ရှည်အငှားဂရန်(ကြေးတိုင်အင်း)** ဆိုသည်မှာ ဂရန်အင်းများ ငါးထုတ်လုပ်မှု ရေရှည်ကောင်းမွန်စေရန်နှင့် တိမ်ကောပျက်စီးခြင်းမှ ကာကွယ်နိုင်ရန်တို့အတွက် ဂရန်အင်းများကို ပြင်ဆင်ခြင်း၊ ငါးမျိုးစိုက်ထည့်ခြင်း၊ ငါးမျိုးချန်လှပ်မွေးမြူခြင်းများနှင့် ရေချိုငါးလုပ်ငန်းလုပ်ကိုင်ခြင်းများကို လေလံရရှိသည့် နှစ်မပါ ၃ နှစ်အထိ လုပ်ကိုင်ခွင့်ပြုသည့် အင်းကိုဆိုသည်။
(ထ) **တင်ဒါချက်** ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်တွင် ဦးစီးဌာနက နယ်နိမိတ်၊ ငါးဖမ်းကိရိယာ(အမျိုးအစား၊ အရေအတွက်၊ တည်နေရာ၊ အချိန်ကာလ)နှင့် ငါးဖမ်းနည်းစသည့် သတ်မှတ်ချက်များထားရှိ၍ တင်ဒါလိုင်စင်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသောရေပြင်ကိုဆိုသည်။
(ဒ) **ငါးနေငါးထိုင်တော** ဆိုသည်မှာ ဒီရေအတက်အကျရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မြစ်ရေအစဉ်အမြဲ ဖုံးလွှမ်းသည်ဖြစ်စေ၊ မဖုံးလွှမ်းသည်ဖြစ်စေ၊ ငါးများနေထိုင် ကျက်စားမိတ်လိုက်ဥချပေါက်ပွားရာ သစ်ပင်၊ သစ်တော၊ ချုံနွယ်များ၊ ရှံ့နွံများ၊ ဒီရေတောများ၊ သဲသောင်များကို ဆိုသည်။
(ဓ) **ပြုပြင်မွမ်းမံခြင်း** ဆိုသည်မှာ ငါးကိုမူလအခြေအနေမှ တစ်နည်းနည်း ပြင်ဆင်ပြောင်းလဲခြင်း၊ ပြုပြင်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေခဲရိုက်ခြင်း၊ အေးခဲခြင်း၊ ဖြတ်တောက်ခြင်း၊ ကျပ်တိုက်ခြင်း၊ အခြောက်ခံခြင်း၊ ဆားနယ်ခြင်း၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်၊ ငါးချဉ်၊ ပုစွန်ချဉ်၊ ငါးကြေမှုန့်ပြုလုပ်ခြင်း၊ စည်သွတ်ခြင်း၊ ငါးမှစားသောက်ကုန်နှင့် အခြားကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း စသည့်လုပ်ငန်းများလည်း ပါဝင်သည်။
(န) **လိုင်စင်** ဆိုသည်မှာ ရေချိုငါးလုပ်ငန်းတစ်ရပ်ရပ်လုပ်ကိုင်နိုင်ရန် ဤဥပဒေအရ ထုတ်ပေးသောလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်လိုင်စင်ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းအတွက် တင်ဒါလိုင်စင်နှင့် ငါးဖမ်းကိရိယာလိုင်စင်စသည်တို့လည်း ပါဝင်သည်။
(ပ) **ပြန်အမ်းငွေ** ဆိုသည်မှာ အငှားဂရန်ပါစည်းကမ်းချက် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ နိုင်ငံတော်၏အကျိုးငှာ ရေချိုငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားခိုင်လုံသောအကြောင်း တစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှုထိခိုက်နစ်နာမှုရှိလျှင်ဖြစ်စေ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရသူက ပေးသွင်းထားသည့် အခွန်အနက် လုပ်ကိုင်ရန်ကျန်ရှိသော အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်နှစ်အတွက် ပြန်လည်ရသင့်ရထိုက်သောအခွန်ကို ဆိုသည်။
(ဖ) **ရေချိုငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ** ဆိုသည်မှာ အငှားဂရန် သို့မဟုတ် လိုင်စင်ဖြင့် ရေချိုငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူကို ဆိုသည်။
(ဗ) ရေလုပ်သားဆိုရာတွင် ရေချိုငါးလုပ်ငန်းနှင့် သက်ဆိုင်သော လုပ်ငန်းများကို အချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေ ပါဝင်လုပ်ကိုင်သူကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–
(က) ရေချိုငါးလုပ်ငန်းများပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊
(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်၊
(ဂ) ရေချိုငါးလုပ်ငန်းရေပြင်များပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ရန်၊
(ဃ) နိုင်ငံတော်က ဥပဒေနှင့်အညီ ရသင့်ရထိုက်သောအခွန်အခများ ရရှိစေရန်၊
(င) ရေချိုငါးလုပ်ငန်းများကို ဥပဒေနှင့်အညီစီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း ပြုနိုင်စေရန်။

**အခန်း(၃)**
**အငှားဂရန်၊ လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း**

၄။ ဂရန်အင်းတစ်ခုခုတွင် ရေချိုငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၅။ သီးသန့်အင်းတစ်ခုခုတွင် ရေချိုငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၆။ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ရေချိုငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခွန်ပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ တင်ဒါစနစ်ဖြစ်ပါက တင်ဒါဈေးနှုန်းတင်သွင်း၍ လိုင်စင်ရယူခြင်းဖြင့်ဖြစ်စေ လုပ်ကိုင်ရမည်။

၇။ ခရိုင်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံတင်ရောင်းချခြင်း သို့မဟုတ် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် တင်ဒါလိုင်စင်ချထားခြင်းကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ နေပြည်တော်ဦးစီးဌာနမှူး၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၈။ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၇ အရ ဂရန်အင်းလေလံတင်ရောင်းချသည့်ကိစ္စ သို့မဟုတ် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသောရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် တင်ဒါလိုင်စင်ချထားသည့် ကိစ္စဆောင်ရွက်ပြီးပါက နေပြည်တော်ဦးစီးဌာနမှူး၏ အတည်ပြုချက်ဖြင့် –
(က) ဂရန်အင်းလေလံရရှိသူကို အငှားဂရန်ထုတ်ပေးရမည်။
(ခ) တင်ဒါအောင်မြင်သူကို တင်ဒါလိုင်စင်ထုတ်ပေးရမည်။

၉။ မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်းနှင့် တင်ဒါလိုင်စင်ချထားသည့်ရေပြင်တို့မှအပ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုဖြင့် ငါးဖမ်းလိုကြောင်း လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၀။ မြို့နယ်ဦးစီးဌာနမှူးသည် ရေလုပ်သားအဖြစ် လုပ်ကိုင်ခွင့်ရရှိလိုသူက ရေလုပ်သားမှတ်ပုံတင်လျှောက်ထားချက်ကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စိစစ်ပြီး ရေလုပ်သားမှတ်ပုံတင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၁။ (က) ရေထွက်ပစ္စည်းစုဆောင်း ရောင်းဝယ်ခြင်းကိုသော်လည်းကောင်း၊ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းကိုသော်လည်းကောင်း လုပ်ငန်းလုပ်ကိုင်လိုသူသည် ဦးစီးဌာနမှ သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။
(ခ) မြို့နယ်ဦးစီးဌာနမှူးသည် ယင်းလျှောက်ထားချက်ကို ခရိုင်ဦးစီးဌာနမှူးမှတစ်ဆင့် နေပြည်တော်ဦးစီးဌာနမှူးထံသို့ သတ်မှတ်သည့်နည်းလမ်းနှင့်အညီ တင်ပြရမည်။

၁၂။ နေပြည်တော်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ)အရ တင်ပြချက်ကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ညီညွတ်လျှင် ရေထွက်ပစ္စည်းစုဆောင်းရောင်းဝယ်ခြင်း လိုင်စင် သို့မဟုတ် ပြုပြင်မွမ်းမံခြင်း လိုင်စင်ကို ထုတ်ပေးရမည်။

စာမျက်နှာ ၉ သို့ ✻

✻ စာမျက်နှာ ၈ မှ

## အခန်း(၄)
## အခကြေးငွေပေးဆောင်ခြင်း

၁၃။ ဂရန်အင်း လေလံရရှိသူသည် လေလံကြေးဖြစ်သော အင်းခွန်ကို ဂရန်အင်းလေလံရရှိသော နေ့တွင်လည်းကောင်း၊ တင်ဒါလိုင်စင်ရရှိသူသည် တင်ဒါကြေးနှင့် လိုင်စင်ခွန်တို့ကို တင်ဒါအောင်မြင်သောနေ့တွင်လည်းကောင်း သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဘဏ်သို့ နေ့ချင်းပြီး အပြေအကျေပေးသွင်းရမည်။ ဘဏ်ဖွင့်ချိန် ကျော်လွန်သွားပါက ဘဏ်ဖွင့်ရက်ဖြစ်သည့် နောက်တစ်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၁၄။ အငှားဂရန်နှင့် တင်ဒါလိုင်စင်ချထားသည့်ကိစ္စတို့မှအပ အခြား ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာ လိုင်စင်ရရှိသူသည် ပေးဆောင်ရန်လိုင်စင်ခကို ဘဏ်သို့ ပေးသွင်းရမည်။

၁၅။ နှစ်ရှည်အငှားဂရန်(ကြေးတိုင်အင်း) လျှောက်ထားသည့်ကိစ္စဖြစ်ပါက နေပြည်တော်ဦးစီးဌာနမှူးသည် ကောင်စီ၏ အတည်ပြုချက်ဖြင့် နှစ်ရှည်အငှားဂရန် လုပ်ကိုင်ခွင့်ချထားနိုင်သည်။

၁၆။ နှစ်ရှည် အငှားဂရန်(ကြေးတိုင်အင်း)ရရှိသူသည် –

(က) အင်းခွန်ကို သတ်မှတ်ထားသည့်နည်းလမ်းနှင့်အညီ ဘဏ်သို့ ပေးဆောင်ရမည်။

( ခ ) ငါးမျိုးစိုက်ထည့်ရန်နှင့် အင်း ပြင်ဆင်ရန် အင်းခွန်အပေါ် သတ်မှတ်ရာခိုင်နှုန်းငွေကို ဘဏ်သို့ပေးသွင်းရမည်။

၁၇။ ရေချိုငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ပေးဆောင်ရန်ရှိသော လိုင်စင်ခွန်နှင့် မှတ်ပုံတင်ကြေးများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဘဏ်သို့ပေးသွင်းရမည်။

## အခန်း(၅)
## ရေချိုငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်များ

၁၈။ ရေချိုငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည်–

(က) ပေးဆောင်ရန်ရှိသော အခွန်များကို ဤဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ပေးသွင်းရမည်၊

( ခ ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များကိုလိုက်နာရမည်၊

( ဂ ) ဦးစီးဌာနကတာဝန်ပေးအပ်ပါက ငါးမျိုးစိုက်ထည့်ခြင်းနှင့် ရေချိုငါးလုပ်ငန်းဆိုင်ရာသုတေသနပြုခြင်းများကို ကူညီဆောင်ရွက်ရမည်၊

(ဃ) မြို့နယ်ဦးစီးဌာနက ထုတ်ပေးသည့် ရေလုပ်သားမှတ်ပုံတင်ရရှိထားသူကိုသာ မိမိလုပ်ငန်းတွင် ခန့်ထားလုပ်ကိုင်စေရမည်။

## အခန်း(၆)
## နေပြည်တော်ကောင်စီ၏ လုပ်ပိုင်ခွင့်များ

၁၉။ ကောင်စီသည် အောက်ပါလုပ်ငန်းများအတွက် အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည် –

(က) ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော ရေချိုငါးလုပ်ငန်းသုတေသန၊

( ခ ) နေပြည်တော်နယ်မြေအကျိုးငှာ လိုအပ်သည့် ရေချိုငါးလုပ်ငန်း။

၂၀။ ကောင်စီသည် နှစ်ရှည်အငှားဂရန်(ကြေးတိုင်အင်း)ချပေးခြင်းနှင့် သက်တမ်းတိုးခြင်းတို့နှင့်စပ်လျဉ်း၍ အတည်ပြု၊ မပြုကို နေပြည်တော်ဦးစီးဌာနမှူးသို့ အကြောင်းကြားရမည်။

၂၁။ ကောင်စီသည် နေပြည်တော်နယ်မြေအကျိုးငှာ လိုအပ်လျှင် ထုတ်ပေးထားသော အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို မည်သည့်အချိန်တွင်မဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၂။ ကောင်စီသည် ဦးစီးဌာနက ပြန်လည်ထုတ်ပေးခွင့်ရှိသော ပြန်အမ်းငွေပမာဏကို သတ်မှတ်ပေးရမည်။

၂၃။ ကောင်စီသည် နေပြည်တော်နယ်မြေအကျိုးငှာ လိုအပ်လျှင် ရေချိုငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်နိုင်သည် –

(က) ရေချိုငါးလုပ်ငန်းရေပြင် တစ်ခုခုတွင် ဂရန်အင်း၊ သီးသန့်အင်း သို့မဟုတ် တင်ဒါချက်အသစ်ဖော်ထုတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ငါးဖမ်းကိရိယာအမျိုးအစား၊ အရေအတွက် ပြောင်းလဲသတ်မှတ်ခြင်း၊

( ခ ) သီးသန့်အင်းတစ်ခုခုတွင် ရေချိုငါးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာနသို့ လျှောက်ထားခြင်းကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

( ဂ ) နှစ်ရှည်အငှားဂရန်(ကြေးတိုင်အင်း) ချထားခြင်းနှင့် သက်တမ်းသတ်မှတ်ခြင်း၊

(ဃ) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် လိုင်စင်ခွန်နှုန်းထားများကို သတ်မှတ်ခြင်း၊

( င ) ရေချိုငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များတွင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေးခြင်း၊

( စ ) ရေချိုငါးလုပ်ငန်းရေရှည်တည်တံ့ရေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သောအသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ပြုခြင်း။

## အခန်း(၇)
## နေပြည်တော်ဦးစီးဌာနမှူး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၄။ နေပြည်တော်ဦးစီးဌာနမှူး၏တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) ရေချိုငါးလုပ်ငန်းများကို စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊ ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

( ခ ) ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ဃ)အရ ကောင်စီကသတ်မှတ်သော ငါးဖမ်းကိရိယာအမျိုးအစားအလိုက် လိုင်စင်ခနှုန်းထားများကို ထုတ်ပြန်ကြေညာခြင်း၊

( ဂ ) တားမြစ်သည့် ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းရာသီ၊ နေရာဒေသနှင့် ငါးဖမ်းနည်းစနစ်တို့ကို သတ်မှတ်ခြင်း၊

(ဃ) အငှားဂရန်သက်တမ်း၊ လိုင်စင်သက်တမ်း၊ မှတ်ပုံတင်သက်တမ်းနှင့် ရေချိုငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့် အငှားဂရန်နှင့် လိုင်စင်ပါစည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

( င ) ဂရန်အင်း၊ သီးသန့်အင်း သို့မဟုတ် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစားကို ကောင်စီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

( စ ) ဦးစီးဌာနမှူးများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုသတ်မှတ်ပေးခြင်း၊

(ဆ) ဦးစီးဌာနက သတ်မှတ်ထားသည့် လိုင်စင်ခွန်၊ မှတ်ပုံတင်ကြေး၊ အငှားဂရန်နှင့် လိုင်စင်ပျက်စီး၊ ပျောက်ဆုံးခြင်းအတွက် မိတ္တူလျှောက်ထားရာတွင် ပေးဆောင်ရမည့် အခကြေးငွေ၊ အခွန်ကင်းလွတ်ခွင့်ရှိသည့် ရေချိုငါးလုပ်ငန်းအမျိုးအစား၊ အရေအတွက်နှင့် ပမာဏတို့ကို ထုတ်ပြန်ကြေညာခြင်း၊

( ဇ ) ကောင်စီက အခါအားလျော်စွာ ပေးအပ်သော ရေချိုငါးလုပ်ငန်းဆိုင်ရာကိစ္စများကို ဆောင်ရွက်ခြင်း၊

( ဈ ) ဤဥပဒေအရထုတ်ပြန်သည့် အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ တင်ပြခြင်း။

၂၅။ နေပြည်တော်ဦးစီးဌာနမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဂရန်အင်းလေလံတင်ရောင်းချခြင်းနှင့် တင်ဒါလိုင်စင်ချထားခြင်းတို့ကို ခရိုင်ဦးစီးဌာနမှူးက ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးခြင်းနှင့် လေလံရရှိသူနှင့် တင်ဒါအောင်မြင်သူတို့ကို အတည်ပြုပေးခြင်း၊

( ခ ) နှစ်ရှည်အငှားဂရန်(ကြေးတိုင်အင်း) ချထားခြင်းနှင့် သက်တမ်းတိုးခြင်းကိစ္စများအတွက် လျှောက်ထားလာပါက ကောင်စီ၏ အတည်ပြုချက်ဖြင့် နှစ်ရှည်အငှားဂရန်(ကြေးတိုင်အင်း) ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

( ဂ ) ရေထွက်ပစ္စည်း စုဆောင်းရောင်းဝယ်ခွင့်လိုင်စင်နှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းလိုင်စင်များကို ထုတ်ပေးခြင်း၊

(ဃ) အငှားဂရန် သို့မဟုတ် လိုင်စင်ပျက်စီး ပျောက်ဆုံးသဖြင့် မိတ္တူရယူလိုကြောင်း လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ လျှောက်ထားသူအား သတ်မှတ်သည့် အခကြေးငွေပေးသွင်းစေပြီး အငှားဂရန် သို့မဟုတ် လိုင်စင်မိတ္တူကို ထုတ်ပေးရန် ခရိုင်ဦးစီးဌာနမှူးသို့ ညွှန်ကြားခြင်း၊

( င ) ကောင်စီက သတ်မှတ်ပေးသည့် ပြန်အမ်းငွေပမာဏကို ပြန်လည်ထုတ်ပေးရန် စီစဉ်ဆောင်ရွက်ခြင်း။

၂၆။ နေပြည်တော်ဦးစီးဌာနမှူးသည် ရေချိုငါးလုပ်ငန်းရေရှည်တည်တံ့ရေးလုပ်ငန်း၊ သုတေသနပြုခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သော အသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ ကောင်စီ၏ခွင့်ပြုချက်ဖြင့် ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြတောင်းခံရမည်။

၂၇။ ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် နေပြည်တော်ဦးစီးဌာနမှူးသည် သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်နိုင်သည်–

(က) ယာဉ်၊ ငါးဖမ်းကိရိယာ၊ ငါးအပါအဝင် သက်သေခံပစ္စည်းများကို ကောင်စီ၏ သဘောတူညီချက်ဖြင့် သိမ်းဆည်းခြင်း၊ ထုခွဲရောင်းချခြင်း သို့မဟုတ် လိုအပ်သလို စီမံခန့်ခွဲခြင်း၊

( ခ ) ပုဒ်မခွဲ(က)အရ သက်သေခံပစ္စည်းများကို ထုခွဲရောင်းချရာတွင် သက်သေခံပစ္စည်း ထုခွဲရောင်းချရေးအဖွဲ့ကို ဖွဲ့စည်းပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခြင်း။

၂၈။ နေပြည်တော်ဦးစီးဌာနမှူးသည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ဦးစီးဌာနမှ ပြန်တမ်းဝင်အရာရှိ တစ်ဦးဦးကိုဖြစ်စေ၊ ဦးစီးဌာနမှူး တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း(၈)
## ပြန်အမ်းငွေလျှောက်ထားခြင်း

၂၉။ နိုင်ငံတော်၏ အကျိုးငှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်းဖြစ်ပါက သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးထံ ပြန်အမ်းငွေလျှောက်ထားနိုင်သည်။

၃၀။ ပုဒ်မ ၂၉ အရ လျှောက်ထားလာလျှင် သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးသည် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ နေပြည်တော်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

၃၁။ နေပြည်တော်ဦးစီးဌာနမှူးသည် ပုဒ်မ ၃၀ အရ တင်ပြလာသည့်ကိစ္စနှင့်စပ်လျဉ်း၍ မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ပြန်အမ်းငွေထုတ်ပေးရန် မိမိ၏သဘောထားမှတ်ချက်နှင့်အညီ ကောင်စီထံ ဆက်လက်တင်ပြရမည်။

၃၂။ ကောင်စီသည် ပုဒ်မ ၃၁ အရ တင်ပြချက်အား စိစစ်၍ ပြန်အမ်းငွေထုတ်ပေးသင့်သည်ဟု ဆုံးဖြတ်ပါက ပြန်အမ်းငွေပမာဏသတ်မှတ်ရမည်။

## အခန်း(၉)
## ရေချိုငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပျက်ပြယ်ခြင်း

၃၃။ အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ ဤဥပဒေအရ ရေချိုငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပျက်ပြယ်သည်။

(က) ခွင့်ပြုသည့်သက်တမ်းကာလကုန်ဆုံးခြင်း၊

( ခ ) အငှားဂရန် သို့မဟုတ် လိုင်စင် ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း၊

( ဂ ) ရေချိုငါးလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်တော့ကြောင်း ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိခြင်း၊

(ဃ) ရေချိုငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက အငှားဂရန် သို့မဟုတ် လိုင်စင်ကို ပြန်လည်အပ်နှံခြင်း၊

( င ) ရေချိုငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူက ၎င်းရရှိထားသည့် အငှားဂရန် သို့မဟုတ် လိုင်စင်ကို အခြားသူတစ်ဦးဦးအား ထပ်ဆင့်ချထားခြင်း သို့မဟုတ် ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ လွှဲပြောင်းပေးခြင်းကို စစ်ဆေးတွေ့ရှိရခြင်း၊

( စ ) အမည်ပျက်စာရင်း သတ်မှတ်ခံရခြင်း။

## အခန်း(၁၀)
## စစ်ဆေးခြင်းနှင့် အရေးယူခြင်း

၃၄။ ဦးစီးဌာနမှူးသည် အောက်ပါစစ်ဆေးခြင်းနှင့် အရေးယူခြင်း လုပ်ငန်းများကို ဆောင်ရွက်ရမည်။

(က) မိမိတာဝန်ခံရသော ရေချိုငါးလုပ်ငန်းရေပြင်အတွင်းရှိ ယာဉ်၊ ငါးဖမ်းကိရိယာများနှင့် ဂရန်အင်း၊ သီးသန့်အင်း လိုင်စင်အပါအဝင် မည်သည့်ရေချိုငါးလုပ်ငန်းကို ဖြစ်စေ၊ ရေချိုငါးလုပ်ငန်းဆိုင်ရာ နေရာများနှင့် အဆောက်အအုံများကိုဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ဝရမ်းမပါဘဲ ဝင်ရောက်ခြင်း၊ စစ်ဆေးခြင်း၊ ရှာဖွေသိမ်းဆည်းခြင်း၊

( ခ ) လုပ်ငန်းတွင်ထားရှိရမည့် အငှားဂရန်၊ လိုင်စင်အပါအဝင် လိုအပ်သည့် စာရွက်စာတမ်းများကို တောင်းယူစစ်ဆေးခြင်း၊ ကူးယူခြင်း၊

( ဂ ) ရေချိုငါးလုပ်ငန်း လုပ်ကိုင်ခွင့် ရရှိသူနှင့် ရေလုပ်သားများအား လိုအပ်သလို မေးမြန်းခြင်း၊ စစ်ဆေးခြင်း၊ ညွှန်ကြားခြင်း၊ အရေးယူဆောင်ရွက်ခြင်း။

(ဃ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သောကိစ္စတွင် အကျုံးဝင်သော ရေချိုငါးလုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့်တကွ တွေ့ရှိသောသက်သေခံပစ္စည်းများကို သတ်မှတ်ပုံစံဖြင့် သိမ်းဆည်းခြင်း၊ သိမ်းဆည်းရရှိမှုအခြေအနေအား နေပြည်တော်ဦးစီးဌာနမှူးထံ တင်ပြခြင်း၊

( င ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူအား တရားစွဲဆိုရန် စီစဉ်ဆောင်ရွက်ခြင်း၊

စာမျက်နှာ ၁၀ သို့ ✻

* စာမျက်နှာ ၉ မှ

( စ ) ငါးနှင့် အခြားလျင်မြန်စွာ ပုပ်သိုးပျက်စီးလွယ်သည့် ရေထွက်ပစ္စည်းများ သိမ်းဆည်းရမိပါက နေပြည်တော်ဦးစီးဌာနမှူးထံ တင်ပြအတည်ပြုချက်ရယူ၍ အမြန်ဆုံး ထုခွဲရောင်းချပြီး ရောင်းရငွေကို ဘဏ္ဍာသို့ပေးသွင်းခြင်း။

## အခန်း(၁၁)
## စီမံခန့်ခွဲရေးနည်းလမ်းဖြင့်အရေးယူခြင်း

၃၅။ မြို့နယ်ဦးစီးဌာနမှူးသည် လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စိစစ်တွေ့ရှိရလျှင် ခရိုင်ဦးစီးဌာနမှူး၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ အငှားဂရန်ပါ စည်းကမ်းချက်တစ်ရပ်ရပ် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စိစစ်တွေ့ရှိရလျှင် နေပြည်တော်ဦးစီးဌာနမှူး၏ သဘောတူညီချက်ဖြင့်လည်းကောင်း အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) စာဖြင့် သတိပေးခြင်း၊

( ခ ) အငှားဂရန် သို့မဟုတ် လိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

( ဂ ) အငှားဂရန် သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း၊

(ဃ) အမည်ပျက်စာရင်း ထည့်သွင်းခြင်း။

၃၆။ (က) အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူသည် အငှားဂရန် သို့မဟုတ် လိုင်စင်ကို ယာယီရပ်ဆိုင်းကြောင်း အမိန့်ချမှတ်ထားသည့် ကာလအတွင်းဖြစ်စေ၊ ပယ်ဖျက်ကြောင်း သို့မဟုတ် ရုပ်သိမ်းကြောင်း အမိန့်ချမှတ်ထားလျှင်ဖြစ်စေ လုပ်ငန်းလုပ်ကိုင်ခြင်းမပြုဘဲ ရပ်ဆိုင်းထားရမည်၊

( ခ ) ပုဒ်မခွဲ(က)အရ ရပ်ဆိုင်းထားခြင်းမပြုဘဲ လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ပါက အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲလုပ်ကိုင်သည်ဟု မှတ်ယူခြင်းခံရမည်။

## အခန်း(၁၂)
## အယူခံခြင်း

၃၇။ ပုဒ်မ ၃၅၊ ပုဒ်မခွဲ(က)အရ လိုင်စင်နှင့်စပ်လျဉ်း၍ ချမှတ်သည့် အမိန့်ကို မကျေနပ်သူသည် အောက်ပါအတိုင်း အယူခံဝင်ခွင့်ရှိသည်၊

(က) မြို့နယ်ဦးစီးမှူးက ချမှတ်သည့်အမိန့်ကို မကျေနပ်ပါက ယင်းအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း နေပြည်တော်ဦးစီးဌာနမှူးထံ အယူခံဝင်နိုင်သည်၊

( ခ ) နေပြည်တော်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ(က)အရ အယူခံမှုကို စိစစ်ပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးက ချမှတ်ထားသည့်အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်၊

( ဂ ) နေပြည်တော်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့်သည် အပြီးအပြတ် ဖြစ်စေရမည်။

၃၈။ ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဂ)သို့မဟုတ် ပုဒ်မခွဲ(ဃ)အရ အငှားဂရန်၊ တင်ဒါလိုင်စင်နှင့်စပ်လျဉ်း၍ ချမှတ်သည့်အမိန့်ကို မကျေနပ်သူသည် အောက်ပါအတိုင်း အယူခံဝင်ခွင့်ရှိသည် –

(က) မြို့နယ်ဦးစီးမှူးက ချမှတ်သည့် အမိန့်ကို မကျေနပ်ပါက ယင်းအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကောင်စီထံ အယူခံဝင်နိုင်သည်၊

( ခ ) ကောင်စီသည် ပုဒ်မခွဲ(က)အရ အယူခံမှုကိုစိစစ်ပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်၊

( ဂ ) ကောင်စီကချမှတ်သည့် အမိန့်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း(၁၃)
## တားမြစ်ချက်များ

၃၉။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသည့် အငှားဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင်၊ ရေထွက်ပစ္စည်းစုဆောင်း ရောင်းဝယ်ခွင့်လိုင်စင်၊ ရေထွက်ပစ္စည်းပြုပြင်မွမ်းမံခြင်းလုပ်ငန်း လိုင်စင်နှင့် ရေလုပ်သားမှတ်ပုံတင်မရှိဘဲ ရေချိုငါးလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

၄၀။ မည်သူမျှ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် အောက်ပါတို့ကို မပြုလုပ်ရ-

(က) ပေါက်ကွဲစေတတ်သည့်ပစ္စည်းများဖြင့် ငါးဖမ်းခြင်း၊ လျှပ်စစ်ဓာတ်ဖြင့် ငါးဖမ်းခြင်း၊ အဆိပ်အတောက်၊ ဓာတုပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသောပစ္စည်းဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း၊

( ခ ) တားမြစ်ထားသော ငါးဖမ်းနည်း သို့မဟုတ် ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း၊

( ဂ ) တားမြစ်ထားသော ငါးမျိုး သို့မဟုတ် ငါးအရွယ်အစားကို ဖမ်းဆီးခြင်း၊

(ဃ) တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသတွင် ငါးဖမ်းခြင်း။

၄၁။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ဆည်၊ တမံ၊ ယင်း၊ ပိုက် အပါအဝင် အခြားမည်သည့် အပိတ်အဆို့၊ အတားအဆီး တစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်း မပြုလုပ်ရ။

၄၂။ မည်သူမျှ ဂရန်အင်း၊ သီးသန့်အင်း သို့မဟုတ် တင်ဒါချက်နယ်နိမိတ်အတွင်း အောက်ပါတို့ကို မပြုလုပ်ရ –

(က) ငါးနေ ငါးထိုင်တောများ ပျက်စီးစေရန် ခုတ်ထွင်ရှင်းလင်းခြင်း၊ မီးရှို့ခြင်း၊

( ခ ) သီးနှံစိုက်ပျိုးခြင်း၊

( ဂ ) အမြဲတစေနေထိုင်မည့် လူနေအိမ်များ ဆောက်လုပ်ခြင်း။

၄၃။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါး၊ အခြားရေနေသတ္တဝါနှင့် သက်ရှိသက်မဲ့ သယံဇာတပစ္စည်းများအား နှောင့်ယှက်ခြင်း၊ ရေထုညစ်ညမ်းစေခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ထိခိုက်စေခြင်း မပြုလုပ်ရ။

၄၄။ မည်သူမျှ ဦးစီးဌာန၏ခွင့်ပြုချက်မရရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချောင်း၊ မြောင်းများတွင်ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ၊ ရေ၏အမျိုးအစား၊ ရေ၏ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်း မပြုလုပ်ရ။

၄၅။ မည်သူမျှ အောက်ပါရေထွက်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း မပြုရ-

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သော၊ ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သော၊ ကျန်းမာရေးကိုထိခိုက်စေနိုင်သော သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော ရေထွက်ပစ္စည်း၊

( ခ ) အရည်အသွေးကိုထိခိုက်စေရန် သို့မဟုတ် ဘေးဥပဒ်အန္တရာယ်ဖြစ်စေရန် တစ်ခုလုံးကိုဖြစ်စေ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အစားထိုးထားသော သို့မဟုတ် လူတို့ စားသုံးရန် မသင့်သည့် ဆိုးဆေး၊ ယမ်းစိမ်းအပါအဝင် ဓာတုပစ္စည်း အစရှိသည်တို့နှင့် ပြုပြင်ရောစပ်ထားသော ရေထွက်ပစ္စည်း၊

( ဂ ) အလေးချိန်တိုးစေရန်နှင့် အရည်အသွေးကို ထိခိုက်စေမည့် ရေ သို့မဟုတ် သတ္တု သို့မဟုတ် ပြင်ပပစ္စည်းများ ထည့်သွင်းထားသော ရေထွက်ပစ္စည်း။

၄၆။ မည်သူမျှ ကောင်စီနှင့် ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။

## အခန်း(၁၄)
## ပြစ်ဒဏ်များ

၄၇။ မည်သူမဆို ပုဒ်မ ၃၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်-

(က) ရေလုပ်သားမှတ်ပုံတင်မရှိဘဲ ရေချိုငါးလုပ်ငန်းလုပ်ကိုင်လျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်၊

( ခ ) ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင်မရှိဘဲ ငါးဖမ်းခြင်းလုပ်ငန်းလုပ်ကိုင်လျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်၊

( ဂ ) ရေထွက်ပစ္စည်း စုဆောင်းရောင်းဝယ်ခွင့်လိုင်စင် သို့မဟုတ် ရေထွက်ပစ္စည်းပြုပြင်မွမ်းမံခြင်းလိုင်စင်မရှိဘဲ ရေချိုငါးလုပ်ငန်းလုပ်ကိုင်လျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်၊

(ဃ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မရှိဘဲ ရေချိုငါးလုပ်ငန်းလုပ်ကိုင်လျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၈။ မည်သူမဆို ပုဒ်မ ၄၀ ပါတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၉။ မည်သူမဆို ပုဒ်မ ၄၁၊ ပုဒ်မ ၄၂၊ ပုဒ်မ ၄၃၊ ပုဒ်မ ၄၄ နှင့် ပုဒ်မ ၄၅ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၀။ မည်သူမဆို ပုဒ်မ ၄၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၁။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ရမည်။

၅၂။ ဤဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရဖူးသူသည် ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ပါက ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းသတ်မှတ်ထားသည့် အမြင့်ဆုံးပြစ်ဒဏ်ကို ချမှတ်ရမည်။

## အခန်း(၁၅)
## အထွေထွေ

၅၃။ ရေချိုငါးလုပ်ငန်းဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၁၉၉၁)အရ ထုတ်ပေးခဲ့သည့် အငှားဂရန်၊ လိုင်စင်နှင့် ရေလုပ်သားမှတ်ပုံတင်တို့သည် ခွင့်ပြုသက်တမ်းပြည့်သည်အထိ လုပ်ကိုင်ခွင့်ရှိသည်။

၅၄။ နေပြည်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား ရေချိုငါးလုပ်ငန်းရေပြင်ဆိုင်ရာ နယ်နိမိတ်အငြင်းပွားမှုများ၊ စီမံခန့်ခွဲမှုဆိုင်ရာ အငြင်းပွားမှုများ ဖြစ်ပေါ်လာပါက "ညှိနှိုင်းဖြေရှင်းပြီးပြေလည်မှုမရရှိခဲ့လျှင် နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြ၍ ဆုံးဖြတ်ချက်ရယူဆောင်ရွက်ရမည်။

၅၅။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနက သတ်မှတ်သည့် ရေချိုငါးလုပ်ငန်းဆိုင်ရာသုတေသနနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများပါ အချက်များ၊ အမိန့်ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ဦးစီးဌာနက လိုက်နာဆောင်ရွက်ရမည်။

၅၆။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၇။ ဦးစီးဌာနမှူးသည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့၏အကူအညီကို တောင်းခံရယူနိုင်သည်။

၅၈။ ရေချိုငါးလုပ်ငန်းနှင့်စပ်လျဉ်း၍ ၁၉၉၁ ခုနှစ် ရေချိုငါးလုပ်ငန်းဥပဒေ ရေချိုငါးလုပ်ငန်းဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် အမိန့်ဆင့်ဆိုချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

၅၉။ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန်မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့စီမံဆောင်ရွက်ထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။

၆၀။ ဤဥပဒေအရ ဦးစီးဌာနက ရရန်ရှိသော အခွန်များ၊ အခကြေးငွေများကို သက်ဆိုင်ရာဦးစီးဌာနသည် မြေခွန်မပြေ ကျန်ငွေဖြစ်သကဲ့သို့ မှတ်ယူ၍ အရကောက်ခံရမည်။

၆၁။ ဤဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်-

(က) ကောင်စီသည် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

( ခ ) ဦးစီးဌာနသည် ကောင်စီ၏သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်(၄၆/၂၀၂၂)**
**၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်**
**(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အသင်းအဖွဲ့** ဆိုသည်မှာ ပြည်တွင်းအသင်းအဖွဲ့နှင့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ကိုဆိုသည်။

(ဂ) **ပြည်တွင်းအသင်းအဖွဲ့** ဆိုသည်မှာ နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးအလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများနှင့်အညီ အကျိုးအမြတ်မယူဘဲ လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ငါးဦး သို့မဟုတ် ငါးဦးထက်ပိုသော နိုင်ငံသားများ စုပေါင်းဖွဲ့စည်းပြီး ဤဥပဒေအရ မှတ်ပုံတင်ထားသည့် အစိုးရမဟုတ်သောအဖွဲ့ကိုဆိုသည်။ ယင်းစကားရပ်တွင် သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ထားသည့် ယင်း၏ ရုံးခွဲများလည်း ပါဝင်သည်။

(ဃ) **အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့** ဆိုသည်မှာ နိုင်ငံခြားတိုင်းပြည်တစ်ခုခုတွင် တရားဝင်ဖွဲ့စည်းတည်ထောင်ထားသောအဖွဲ့အစည်းက ယင်း၏ရုံးခွဲအဖြစ် မြန်မာနိုင်ငံသားအနည်းဆုံး ၄၀ ရာခိုင်နှုန်းပါဝင်သော အမှုဆောင်အဖွဲ့ဝင်များဖြင့် နိုင်ငံတော်အတွင်း အကျိုးအမြတ်မယူဘဲ လူမှုရေးလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့တွင် ဤဥပဒေအရ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ထားသည့်အဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတော်အတွင်း ဖွင့်လှစ်ထားသည့် ယင်း၏ရုံးခွဲများလည်း ပါဝင်သည်။

(င) **မှတ်ပုံတင်ရေးအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့၊ ပြည်ထောင်စုနယ်မြေ မှတ်ပုံတင်ရေးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့၊ ခရိုင်မှတ်ပုံတင်ရေးအဖွဲ့ သို့မဟုတ် မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့ကို ဆိုသည်။

(စ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က အသင်းအဖွဲ့အဖြစ် အသိအမှတ်ပြုထုတ်ပေးသည့် လက်မှတ်ကိုဆိုသည်။ ယင်းစကားရပ်တွင် သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က ထုတ်ပေးသည့် ယာယီမှတ်ပုံတင်လက်မှတ်နှင့် သက်တမ်းတိုး မှတ်ပုံတင်လက်မှတ်တို့လည်း ပါဝင်သည်။

(ဆ) **လူမှုရေးလုပ်ငန်း** ဆိုသည်မှာ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး သို့မဟုတ် သာသနာရေးဆိုင်ရာကဏ္ဍများနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရောယှက်ခြင်းမရှိဘဲ အများအကျိုးအတွက်ရည်ရွယ်၍ မည်သည့်အကျိုးအမြတ်ကိုမျှ ရယူဆောင်ရွက်ခြင်းမရှိသော လုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အဖွဲ့ဝင်များ၏ ဘုံအကျိုးစီးပွားအတွက်ဆောင်ရွက်သည့် လူမှုအဖွဲ့အစည်း၏ အကျိုးပြုပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများလည်း ပါဝင်သည်။

(ဇ) **အသင်းအဖွဲ့၏တာဝန်ရှိသူ** ဆိုသည်မှာ ပြည်တွင်းအသင်းအဖွဲ့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် အမှုဆောင်အဖွဲ့ဝင်ကိုလည်းကောင်း၊ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့၏ အကြီးအကဲ၊ တာဝန်ခံ၊ ရုံးခွဲတာဝန်ခံ သို့မဟုတ် အမှုဆောင်အဖွဲ့ဝင်ကိုလည်းကောင်း၊ သက်ဆိုင်ရာ အသင်းအဖွဲ့၏ လုပ်ငန်းတစ်ရပ်ရပ်ကို တာဝန်ယူဆောင်ရွက်ရန် ကိုယ်စားလှယ်လွှဲစာဖြင့် တာဝန်ပေးအပ်ခြင်းခံရသည့် အသင်းဝင်တစ်ဦးဦးကိုလည်းကောင်း ဆိုသည်။

(ဈ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြည်ထဲရေးဝန်ကြီးဌာနကိုဆိုသည်။

(ည) **ဦးစီးဌာန** ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ယင်း၏လက်အောက်ရှိ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင် သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ဆိုသည်။

**အခန်း (၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါအခွင့်အရေးများနှင့်အညီ အသင်းအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်နိုင်စေရန်၊

(ခ) အသင်းအဖွဲ့ကို ဥပဒေနှင့်အညီ ဖွဲ့စည်းခွင့်ရရှိနိုင်ရန်၊

(ဂ) အသင်းအဖွဲ့ကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်ပေးခြင်းဖြင့် ယင်းတို့၏ရပ်တည်ခွင့်ကို အကာအကွယ်ပေးနိုင်ရန်၊

(ဃ) အသင်းအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် လှုပ်ရှားမှုများအတွက် ဥပဒေနှင့်အညီ အထောက်အပံ့များရှာဖွေခွင့်၊ လက်ခံခွင့်နှင့် သုံးစွဲခွင့်များရရှိရန်နှင့် သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းထံမှ ဥပဒေနှင့်အညီ အကူအညီများရယူနိုင်ရန်၊

(င) အသင်းအဖွဲ့၏ လုပ်ငန်းများဆောင်ရွက်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် အသင်းအဖွဲ့ ဖြစ်ပေါ်စေရေးအတွက် စောင့်ကြပ်ကြည့်ရှုသည့် စနစ်တစ်ရပ် ထူထောင်နိုင်ရန်၊

(စ) နိုင်ငံတော်နှင့်နိုင်ငံသားများကိုအကျိုးပြုသော အသင်းအဖွဲ့အဖြစ် ခိုင်မာအားကောင်းစေရန်။

**အခန်း(၃)**
**မှတ်ပုံတင်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၄။ ဤဥပဒေနှင့်အညီ အသင်းအဖွဲ့ကို ကြီးကြပ်ခြင်းနှင့် မှတ်ပုံတင်ခြင်းများ ဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါမှတ်ပုံတင်ရေးအဖွဲ့များကို ဖွဲ့စည်းရမည်–

(က) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့၊

(ဂ) ပြည်ထောင်စုနယ်မြေမှတ်ပုံတင်ရေးအဖွဲ့၊

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှတ်ပုံတင်ရေးအဖွဲ့၊

(င) ခရိုင်မှတ်ပုံတင်ရေးအဖွဲ့၊

(စ) မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့။

၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည် –

(၁) ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများမှကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၃) ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အတွင်းရေးမှူး

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦး — ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများမှကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၃) ညွှန်ကြားရေးမှူး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အတွင်းရေးမှူး

(ဂ) ပြည်ထောင်စုနယ်မြေအုပ်ချုပ်ရေးအဖွဲ့သည် ပြည်ထောင်စုနယ်မြေမှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်–

(၁) ပြည်ထောင်စုနယ်မြေ အုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ဦး — ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၃) ညွှန်ကြားရေးမှူး ပြည်ထောင်စုနယ်မြေ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အတွင်းရေးမှူး

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦး — ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများမှကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၃) ဒုတိယညွှန်ကြားရေးမှူး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အတွင်းရေးမှူး

(င) ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ခရိုင်မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်–

(၁) ခရိုင်အုပ်ချုပ်ရေးမှူး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများမှကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၃) လက်ထောက်ညွှန်ကြားရေးမှူး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အတွင်းရေးမှူး

(စ) မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်–

(၁) မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ — အဖွဲ့ဝင်များ

(၃) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန — အတွင်းရေးမှူး

(ဆ) ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) နှင့် (စ)တို့အရ ဖွဲ့စည်းထားသော မှတ်ပုံတင်ရေးအဖွဲ့များကို သက်ဆိုင်ရာဖွဲ့စည်းခွင့်ရှိသူတို့က သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ မှတ်ပုံတင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) သက်ဆိုင်ရာအသင်းအဖွဲ့၏ မှတ်ပုံတင်လက်မှတ်လျှောက်ထားမှုကို စိစစ်ခွင့်ပြုခြင်း၊ ခွင့်မပြုကြောင်းဆုံးဖြတ်ခြင်းနှင့် မှတ်ပုံတင်လက်မှတ်ကိုပယ်ဖျက်ခြင်း၊

(ခ) သက်ဆိုင်ရာအသင်းအဖွဲ့၏ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးလျှောက်ထားမှုကို စိစစ်ခွင့်ပြုခြင်းနှင့် ခွင့်မပြုကြောင်းဆုံးဖြတ်ခြင်း၊

(ဂ) အသင်းအဖွဲ့အား ဥပဒေနှင့်အညီ ဆောင်ရွက်စေခြင်းနှင့် အကူအညီပေးခြင်း၊

(ဃ) အသင်းအဖွဲ့၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(င) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုများအတွက် ငွေကြေးစီးဆင်းခြင်း၊ ငွေကြေးစီမံခန့်ခွဲသုံးစွဲခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကူညီခြင်း၊ ထောက်ပံ့ခြင်းများမပြုလုပ်ရန် အသင်းအဖွဲ့အားညွှန်ကြားခြင်း၊

(စ) အသင်းအဖွဲ့ပိုင်ငွေကြေးနှင့် ပစ္စည်းများကိုလည်းကောင်း၊ အသင်း၏နှစ်ပတ်လည် ငွေစာရင်းရှင်းတမ်းများကိုလည်းကောင်း လိုအပ်ပါက စစ်ဆေးဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

**အခန်း(၄)**
**ပြည်တွင်းအသင်းအဖွဲ့ မှတ်ပုံတင်ခြင်း**

၇။ ပြည်တွင်းအသင်းအဖွဲ့သည် မှတ်ပုံတင်လက်မှတ်ရရှိရန် ယင်းအသင်းအဖွဲ့၏ဥက္ကဋ္ဌကဖြစ်စေ၊ အတွင်းရေးမှူးကဖြစ်စေ၊ အသင်းအဖွဲ့၏ မှတ်ပုံတင်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်ရန် ကိုယ်စားလှယ်လွှဲစာဖြင့် တာဝန်ပေးအပ်ခြင်းခံရသည့် အမှုဆောင်အဖွဲ့ဝင် သို့မဟုတ် အသင်းဝင်တစ်ဦးဦးကဖြစ်စေ သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့သို့ အောက်ပါအချက်များနှင့်အတူ လျှောက်ထားရမည်–

စာမျက်နှာ ၁၂ သို့ ☆

☆ စာမျက်နှာ ၁၁ မှ

(က) အသင်းအဖွဲ့အမည်၊
(ခ) အသင်းအဖွဲ့၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအမည်၊
(ဂ) အသင်းအဖွဲ့တည်နေရာနှင့်ဆက်သွယ်ရန်လိပ်စာ၊
(ဃ) စတင်တည်ထောင်သည့်နေ့၊
(င) ရည်ရွယ်ချက်၊
(စ) လုပ်ငန်းစဉ်၊
(ဆ) ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့်ဆက်စပ်သည့် အစိုးရဌာနအဖွဲ့အစည်း၏ ထောက်ခံချက်၊
(ဇ) အမှုဆောင်ဦးရေ၊
(ဈ) အသင်းဝင်ဦးရေ၊
(ည) အသင်းပိုင်ငွေကြေးနှင့် ပစ္စည်းစာရင်း၊
(ဋ) ဆောင်ရွက်ခဲ့သည့် လူမှုရေးလုပ်ငန်းများ၊
(ဌ) အသင်းအဖွဲ့ ဖွဲ့စည်းပုံစည်းမျဉ်း၊
(ဍ) လျှောက်ထားသည့်ရက်စွဲ၊
(ဎ) တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံချက်။

၈။ သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့သည်–
(က) ပုဒ်မ ၇ အရ လျှောက်ထားသော ပြည်တွင်းအသင်းအဖွဲ့အား လျှောက်ထားသည့်နေ့မှစ၍ အစိုးရရုံးပိတ်ရက်မပါ ၂၁ ရက်အတွင်း ယာယီမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။
(ခ) ယာယီမှတ်ပုံတင်လက်မှတ်ထုတ်ပေးပြီးနောက် လျှောက်ထားမှုအပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ရမည်။
(ဂ) နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို ထိခိုက်နိုင်ရန် အကြောင်းမရှိပါက အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခြင်းကို ခွင့်ပြုနိုင်သည်။
(ဃ) မှတ်ပုံတင်ခြင်းကို ခွင့်ပြုရန်ဆုံးဖြတ်ပါက ဆုံးဖြတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

၉။ (က) မှတ်ပုံတင်ခွင့်ရရှိသည့် ပြည်တွင်းအသင်းအဖွဲ့သည် –
(၁) သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က သတ်မှတ်ထားသောကာလအတွင်း မှတ်ပုံတင်ကြေးကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်း၍ ပေးသွင်းပြီးကြောင်း အထောက်အထားကိုပြသပြီး မှတ်ပုံတင်လက်မှတ်ကို ထုတ်ယူရမည်။
(၂) မှတ်ပုံတင်လက်မှတ် လာရောက်ထုတ်ယူရာတွင် ယာယီမှတ်ပုံတင်လက်မှတ်ကိုတစ်ပါတည်း ပြန်လည်အပ်နှံရမည်။
(ခ) ယာယီမှတ်ပုံတင်လက်မှတ်ကို အပ်နှံနိုင်ခြင်းမရှိလျှင်ဖြစ်စေ၊ မှတ်ပုံတင်လက်မှတ် လာရောက်ထုတ်ယူမှုမရှိလျှင်ဖြစ်စေ၊ မှတ်ပုံတင်ကြေးပေးသွင်းပြီးကြောင်း အထောက်အထား မတင်ပြနိုင်လျှင်ဖြစ်စေ ထုတ်ပေးထားပြီးဖြစ်သည့် ယာယီမှတ်ပုံတင်လက်မှတ်နှင့် ခွင့်ပြုထားသည့် မှတ်ပုံတင်လက်မှတ်တို့သည် သတ်မှတ်ကာလ ကျော်လွန်ပါက ပယ်ဖျက်ပြီးဖြစ်သည်။

၁၀။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် ပြည်တွင်းအသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခြင်းကို ခွင့်မပြုကြောင်းဆုံးဖြတ်ပါက ကျိုးကြောင်းပြည့်စုံစွာဖော်ပြ၍ မှတ်ပုံတင်ခြင်းကိုခွင့်မပြုကြောင်း ပြန်ကြားစာကို ယင်းသို့ဆုံးဖြတ်သည့်နေ့မှစ၍ အောက်ဖော်ပြပါသတ်မှတ်ရက်အတွင်း လျှောက်ထားသည့် ပြည်တွင်းအသင်းအဖွဲ့ထံ ပြန်ကြားရမည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ | ၃၀ ရက် |
| (ခ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့ | ၃၀ ရက် |
| (ဂ) | ပြည်ထောင်စုနယ်မြေ မှတ်ပုံတင်ရေးအဖွဲ့ | ၃၀ ရက် |
| (ဃ) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့ | ၁၅ ရက် |
| (င) | ခရိုင်မှတ်ပုံတင်ရေးအဖွဲ့ | ၁၅ ရက် |
| (စ) | မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့ | ၁၅ ရက် |

၁၁။ (က) သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်ခြင်းကို ခွင့်မပြုကြောင်း ပြန်ကြားစာလက်ခံရရှိသည့် ပြည်တွင်းအသင်းအဖွဲ့သည် ယင်းပြန်ကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ ခွင့်မပြုသော အကြောင်းရင်းနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် ရှင်းလင်းတင်ပြခြင်းများပြုလုပ်၍ ပြန်လည်လျှောက်ထားနိုင်သည်။
(ခ) ပုဒ်မခွဲ(က)အရ ပြန်လည်လျှောက်ထားမှုအပေါ် သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်ခြင်းကို ခွင့်မပြုကြောင်း ဆုံးဖြတ်ပါက ယင်းဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။
(ဂ) ပြည်တွင်းအသင်းအဖွဲ့သည် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လျှောက်ထားမှုကို ခွင့်မပြုခြင်းအပေါ် ပုဒ်မခွဲ(က)အရ ပြန်လည်လျှောက်ထားခြင်းမရှိလျှင်ဖြစ်စေ၊ ပုဒ်မခွဲ(ခ)အရ ခွင့်မပြုကြောင်း ဆုံးဖြတ်ခြင်းခံရလျှင်ဖြစ်စေ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က ထိုသို့ဆုံးဖြတ်သည့်နေ့မှစ၍ ယင်းအသင်းအဖွဲ့အား ထုတ်ပေးထားသော ယာယီမှတ်ပုံတင်လက်မှတ်သည် ပယ်ဖျက်ပြီးဖြစ်သည်။
(ဃ) မှတ်ပုံတင်လက်မှတ် လျှောက်ထားမှုကို သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က ခွင့်မပြုကြောင်း ဆုံးဖြတ်ပါက ဆုံးဖြတ်ခြင်းခံရသော ပြည်တွင်းအသင်းအဖွဲ့သည် မည်သည့် မှတ်ပုံတင်ရေးအဖွဲ့တွင်မျှ မှတ်ပုံတင်ခွင့်မရှိစေရ။

၁၂။ (က) ပြည်တွင်းအသင်းအဖွဲ့သည် –
(၁) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်လျှောက်ထားခြင်းအတွက် မှတ်ပုံတင်ကြေး ကျပ်သုံးသိန်းကို ပေးသွင်းရမည်။
(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်လျှောက်ထားခြင်းအတွက် မှတ်ပုံတင်ကြေးကျပ်တစ်သိန်းကို ပေးသွင်းရမည်။
(၃) ပြည်ထောင်စုနယ်မြေမှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်လျှောက်ထားခြင်းအတွက် မှတ်ပုံတင်ကြေးကျပ်တစ်သိန်းကို ပေးသွင်းရမည်။
(၄) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်လျှောက်ထားခြင်းအတွက် မှတ်ပုံတင်ကြေးကျပ်ငါးသောင်းကို ပေးသွင်းရမည်။
(၅) ခရိုင်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်လျှောက်ထားခြင်းအတွက် မှတ်ပုံတင်ကြေး ကျပ်ငါးသောင်းကို ပေးသွင်းရမည်။
(၆) မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်လျှောက်ထားခြင်းအတွက် မှတ်ပုံတင်ကြေးကျပ်သုံးသောင်းကို ပေးသွင်းရမည်။
(ခ) (၁) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၏ မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့သည် နိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်ခွင့်ရှိသည်။
(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့၏ မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းတွင် ဆောင်ရွက်ခွင့်ရှိသည်။
(၃) ပြည်ထောင်စုနယ်မြေမှတ်ပုံတင်ရေးအဖွဲ့၏ မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့သည် ပြည်ထောင်စုနယ်မြေအတွင်းတွင် ဆောင်ရွက်ခွင့်ရှိသည်။
(၄) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့၏ မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့သည် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းတွင် ဆောင်ရွက်ခွင့်ရှိသည်။
(၅) ခရိုင်မှတ်ပုံတင်ရေးအဖွဲ့၏ မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့သည် သက်ဆိုင်ရာ ခရိုင်အတွင်းတွင် ဆောင်ရွက်ခွင့်ရှိသည်။
(၆) မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့၏ မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့သည် သက်ဆိုင်ရာ မြို့နယ်အတွင်းတွင် ဆောင်ရွက်ခွင့်ရှိသည်။

၁၃။ မှတ်ပုံတင်ရေးအဖွဲ့တစ်ခုမှ မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့သည် အခြားမှတ်ပုံတင်ရေးအဖွဲ့တစ်ခုခုတွင် ထပ်မံမှတ်ပုံတင်ခွင့်မရှိစေရ။

၁၄။ (က) မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့သည် သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်ရပ်တည်ဆောင်ရွက်လိုပါက သက်တမ်းကုန်ဆုံးမည့် နေ့ရက်မတိုင်မီ ရက်ပေါင်း ၉၀ ကြိုတင်၍ သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးရန် လျှောက်ထားရမည်။
(ခ) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးရန်လျှောက်ထားသော ပြည်တွင်းအသင်းအဖွဲ့သည် ပုဒ်မခွဲ(က)နှင့်အညီ သက်တမ်းကုန်ဆုံးမည့် နေ့ရက်မတိုင်မီ ရက်ပေါင်း ၉၀ ကြိုတင်၍ လျှောက်ထားခြင်းမရှိပါက သတ်မှတ်ထားသော ဒဏ်ကြေးများကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းပြီး သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးရန် လျှောက်ထားရမည်။ ဒဏ်ကြေးပေးဆောင်ပြီးသော ပြည်တွင်းအသင်းအဖွဲ့အား မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခွင့်ပြုကြောင်း ဆုံးဖြတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်တမ်းတိုးမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။
(ဂ) မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပြီးနောက် လာရောက်လျှောက်ထားသည့် ပြည်တွင်းအသင်းအဖွဲ့သည် မှတ်ပုံတင်အသစ်လျှောက်ထားသကဲ့သို့ ပြန်လည်လျှောက်ထားရမည်။
(ဃ) သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့သည် ပုဒ်မခွဲ(က) သို့မဟုတ် (ခ)အရ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးရန် လျှောက်ထားသော ပြည်တွင်းအသင်းအဖွဲ့ကို ပုဒ်မ ၈ ပုဒ်မခွဲ(ဂ)ပါ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းကို ခွင့်ပြုနိုင်သည်။
(င) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်းကို ခွင့်ပြုရန် ဆုံးဖြတ်ပါက လျှောက်ထားသော ပြည်တွင်းအသင်းအဖွဲ့အား သတ်မှတ်ထားသောကာလအတွင်း မှတ်ပုံတင်ကြေးကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းပြီး ပေးသွင်းပြီးကြောင်း အထောက်အထားကိုပြသလျှင် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က သက်တမ်းတိုးမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။
(စ) သက်တမ်းတိုးမှတ်ပုံတင်လက်မှတ် လာရောက်ထုတ်ယူမှုမရှိလျှင်ဖြစ်စေ၊ သက်တမ်းတိုးမှတ်ပုံတင်ကြေးပေးသွင်းပြီးကြောင်း အထောက်အထားမတင်ပြနိုင်လျှင်ဖြစ်စေ ခွင့်ပြုထားပြီးဖြစ်သည့် သက်တမ်းတိုးမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ပြီးဖြစ်သည်။

၁၅။ (က) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့သည် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်းအတွက် သက်တမ်းတိုးမှတ်ပုံတင်ကြေး ကျပ်တစ်သိန်းကို ပေးသွင်းရမည်။
(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့သည် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်းအတွက် သက်တမ်းတိုးမှတ်ပုံတင်ကြေး ကျပ်ငါးသောင်းကို ပေးသွင်းရမည်။
(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှတ်ပုံတင်ရေးအဖွဲ့ သို့မဟုတ် ခရိုင်မှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့သည် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်းအတွက် သက်တမ်းတိုးမှတ်ပုံတင်ကြေး ကျပ်သုံးသောင်းကို ပေးသွင်းရမည်။
(ဃ) မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့သည် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်းအတွက် သက်တမ်းတိုးမှတ်ပုံတင်ကြေး ကျပ်တစ်သောင်းကို ပေးသွင်းရမည်။

၁၆။ (က) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခွင့်ရရှိရန် လျှောက်ထားသော ပြည်တွင်းအသင်းအဖွဲ့သည် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခွင့်မပြုပါက ယင်းသို့ခွင့်မပြုကြောင်း ပြန်ကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ ခွင့်မပြုသောအကြောင်းရင်းနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် ရှင်းလင်းတင်ပြခြင်းတို့ကိုပြုလုပ်၍ ပြန်လည်လျှောက်ထားနိုင်သည်။
(ခ) ပုဒ်မခွဲ(က)အရ ပြန်လည်လျှောက်ထားမှုအပေါ် သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ်သက်တမ်းတိုး ခွင့်မပြုကြောင်း ဆုံးဖြတ်ပါက ယင်းဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။
(ဂ) သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခွင့်မပြုကြောင်း ဆုံးဖြတ်ပါက ဆုံးဖြတ်ခြင်းခံရသော ပြည်တွင်းအသင်းအဖွဲ့သည် မည်သည့်မှတ်ပုံတင်ရေးအဖွဲ့တွင်မျှ မှတ်ပုံတင်ခွင့်မရှိစေရ။

**အခန်း(၅)**

**အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့ မှတ်ပုံတင်ခြင်း**

၁၇။ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့သည် မှတ်ပုံတင်လက်မှတ်ရရှိရန် ယင်းအသင်းအဖွဲ့၏ အကြီးအကဲကဖြစ်စေ၊ တာဝန်ခံကဖြစ်စေ၊ အသင်းအဖွဲ့၏လုပ်ငန်းတစ်ရပ်ရပ်ကို တာဝန်ယူဆောင်ရွက်ရန် ကိုယ်စားလှယ်လွှဲစာဖြင့် တာဝန်ပေးအပ်ခြင်းခံရသည့် အမှုဆောင်အဖွဲ့ဝင် သို့မဟုတ် အသင်းဝင်တစ်ဦးဦးကဖြစ်စေ အောက်ပါအချက်များနှင့်အတူ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ လျှောက်ထားရမည်–
(က) အသင်းအဖွဲ့အမည်၊
(ခ) အသင်းအဖွဲ့၏ နောက်ခံသမိုင်းအကျဉ်း၊

စာမျက်နှာ ၁၃ သို့ ☆

☆ စာမျက်နှာ ၁၂ မှ

(ဂ) အသင်းအဖွဲ့ အခြေစိုက်နိုင်ငံရှိ အသင်းအဖွဲ့၏ အကြီးအကဲအမည်၊
(ဃ) နိုင်ငံတော်အတွင်းရှိ အသင်းအဖွဲ့၏ တာဝန်ခံအမည်၊
(င) အသင်းအဖွဲ့အခြေစိုက်သည့်ရုံး၏ တည်နေရာနှင့် ဆက်သွယ်ရန်လိပ်စာ၊
(စ) အသင်းအဖွဲ့အခြေစိုက်နိုင်ငံ၊
(ဆ) အသင်းအဖွဲ့ အခြေစိုက်နိုင်ငံတွင် အသိအမှတ်ပြုထားသည့် အထောက်အထား၊
(ဇ) အသင်းအဖွဲ့အခြေစိုက်နိုင်ငံရှိ အသင်းအဖွဲ့စည်းမျဉ်း၊
(ဈ) နားလည်မှုစာချွန်လွှာ(မူကြမ်း)၊
(ည) နိုင်ငံတော်အတွင်းရှိ အသင်းအဖွဲ့၏ ရုံးခွဲတာဝန်ခံအမည်၊
(ဋ) အမှုဆောင်အဖွဲ့ဝင်ဦးရေ–
(၁) မြန်မာနိုင်ငံသားဦးရေ၊
(၂) နိုင်ငံခြားသားဦးရေ။
(ဌ) အသင်းဝင်ဦးရေ၊
(ဍ) နိုင်ငံတော်အတွင်းရှိ အသင်းအဖွဲ့ရုံးခွဲ၏ ဆက်သွယ်ရန်လိပ်စာ၊
(ဎ) နိုင်ငံတော်အတွင်းဆောင်ရွက်မည့် လူမှုရေးလုပ်ငန်းနှင့် ယင်းတို့၏ဘဏ္ဍာငွေအရင်းအမြစ်၊
(ဏ) ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့်ဆက်စပ်သည့် အစိုးရဌာနအဖွဲ့အစည်း၏ ထောက်ခံချက်၊
(တ) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့၏ ထောက်ခံချက်၊
(ထ) နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သဘောထားတောင်းခံထားသည့်စာ၊
(ဒ) လုပ်ငန်းဆောင်ရွက်မည့်နယ်မြေရှိ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၏ ခွင့်ပြုချက်၊
(ဓ) နိုင်ငံတော်အတွင်းဖွင့်လှစ်ထားသည့် ရုံးခွဲအသီးသီး၏ တာဝန်ခံအမည်၊
(န) နိုင်ငံတော်အတွင်းဖွင့်လှစ်ထားသည့် ရုံးခွဲအရေအတွက်နှင့် ယင်းတို့၏ ဆက်သွယ်ရန်လိပ်စာ၊
(ပ) လျှောက်ထားသည့်ရက်စွဲ၊
(ဖ) တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံချက်။

၁၈။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည်–
(က) ပုဒ်မ ၁၇ အရ လျှောက်ထားသော အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့အား လျှောက်ထားသည့်နေ့မှစ၍ အစိုးရရုံးပိတ်ရက်မပါ ၂၁ ရက်အတွင်း ယာယီမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။
(ခ) ယာယီမှတ်ပုံတင်လက်မှတ်ထုတ်ပေးပြီးနောက်လျှောက်ထားမှုအပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ရမည်။
(ဂ) နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်နိုင်ရန် အကြောင်းမရှိပါက အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခြင်းကို ခွင့်ပြုနိုင်သည်။
(ဃ) မှတ်ပုံတင်ခြင်းကို ခွင့်ပြုရန်ဆုံးဖြတ်ပါက ဆုံးဖြတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

၁၉။ (က) မှတ်ပုံတင်ခွင့်ရရှိသည့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့သည်–
(၁) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က သတ်မှတ်ထားသောကာလအတွင်း မှတ်ပုံတင်ကြေး ကျပ်ငါးသိန်းကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်း၍ ပေးသွင်းပြီးကြောင်း အထောက်အထားကိုပြသပြီး မှတ်ပုံတင်လက်မှတ်ကို ထုတ်ယူရမည်။
(၂) မှတ်ပုံတင်လက်မှတ် လာရောက်ထုတ်ယူရာတွင် ယာယီမှတ်ပုံတင်လက်မှတ်ကို တစ်ပါတည်း ပြန်လည်အပ်နှံရမည်။
(ခ) ယာယီမှတ်ပုံတင်လက်မှတ်ကို အပ်နှံခြင်းမရှိလျှင်ဖြစ်စေ၊ မှတ်ပုံတင်လက်မှတ် လာရောက်ထုတ်ယူမှုမရှိလျှင်ဖြစ်စေ၊ မှတ်ပုံတင်ကြေးပေးသွင်းပြီးကြောင်း အထောက်အထား မတင်ပြနိုင်လျှင်ဖြစ်စေ ထုတ်ပေးထားပြီးဖြစ်သည့် ယာယီမှတ်ပုံတင်လက်မှတ်နှင့် ခွင့်ပြုထားသည့် မှတ်ပုံတင်လက်မှတ်တို့သည် သတ်မှတ်ကာလ ကျော်လွန်ပါက ပယ်ဖျက်ပြီးဖြစ်သည်။

၂၀။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခြင်းကို ခွင့်မပြုကြောင်း ဆုံးဖြတ်ပါက ကျိုးကြောင်းပြည့်စုံစွာဖော်ပြ၍ မှတ်ပုံတင်ခြင်းကို ခွင့်မပြုကြောင်း ပြန်ကြားစာကို ယင်းသို့ဆုံးဖြတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားသည့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ထံ ပြန်ကြားရမည်။

၂၁။ (က) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်ခြင်းကို ခွင့်မပြုကြောင်း ပြန်ကြားစာ လက်ခံရရှိသည့် အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့သည် ယင်းပြန်ကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ ခွင့်မပြုသော အကြောင်းရင်းနှင့် စပ်လျဉ်းသည့် လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် ရှင်းလင်းတင်ပြခြင်းများပြုလုပ်၍ ပြန်လည်လျှောက်ထားနိုင်သည်။
(ခ) ပုဒ်မခွဲ(က)အရ ပြန်လည်လျှောက်ထားမှုအပေါ် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်ခွင့်မပြုကြောင်း ဆုံးဖြတ်ပါက ယင်းဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။
(ဂ) အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့သည် မှတ်ပုံတင်လက်မှတ် လျှောက်ထားမှုကို ခွင့်မပြုခြင်းအပေါ် ပုဒ်မခွဲ(က)အရ ပြန်လည်လျှောက်ထားခြင်းမရှိလျှင်ဖြစ်စေ၊ ပုဒ်မခွဲ(ခ)အရ ခွင့်မပြုကြောင်း ဆုံးဖြတ်ခြင်းခံရလျှင်ဖြစ်စေ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က ထိုသို့ဆုံးဖြတ်သည့်နေ့မှစ၍ ယင်းအသင်းအဖွဲ့အား ထုတ်ပေးထားသော ယာယီမှတ်ပုံတင်လက်မှတ်သည် ပယ်ဖျက်ပြီးဖြစ်သည်။

၂၂။ (က) မှတ်ပုံတင်လက်မှတ်ရရှိထားသော အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့သည် သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်ရပ်တည်ဆောင်ရွက်လိုပါက သက်တမ်းကုန်ဆုံးမည့်နေ့ရက်မတိုင်မီ ရက်ပေါင်း ၉၀ ကြိုတင်၍ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးရန် လျှောက်ထားရမည်။
(ခ) မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးရန် လျှောက်ထားသော အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့သည် ပုဒ်မခွဲ(က)နှင့်အညီ သက်တမ်းကုန်ဆုံးမည့် နေ့ရက်မတိုင်မီ ရက်ပေါင်း ၉၀ ကြိုတင်၍ လျှောက်ထားခြင်းမရှိပါက သတ်မှတ်ထားသော ဒဏ်ကြေးများကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်သို့ပေးသွင်းပြီး သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးရန် လျှောက်ထားရမည်။ ဒဏ်ကြေးပေးဆောင်ပြီးသော အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့အား မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခွင့်ပြုကြောင်း ဆုံးဖြတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်တမ်းတိုးမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။
(ဂ) မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပြီးနောက် လာရောက်လျှောက်ထားသည့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့သည် မှတ်ပုံတင်အသစ် လျှောက်ထားသကဲ့သို့ ပြန်လည်လျှောက်ထားရမည်။
(ဃ) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် ပုဒ်မခွဲ(က) သို့မဟုတ် (ခ)အရ လျှောက်ထားသော အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့အား ပုဒ်မ ၁၈ ပုဒ်မခွဲ(ဂ)ပါ သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့အဖြစ် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်းကို ခွင့်ပြုနိုင်သည်။
(င) မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းကို ခွင့်ပြုရန် ဆုံးဖြတ်ပါက လျှောက်ထားသော အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့အား သတ်မှတ်ထားသောကာလအတွင်း မှတ်ပုံတင်ကြေး ကျပ်သုံးသိန်းကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းပြီး ပေးသွင်းပြီးကြောင်း အထောက်အထားကိုပြသလျှင် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က သက်တမ်းတိုး မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။
(စ) သက်တမ်းတိုးမှတ်ပုံတင်လက်မှတ် လာရောက်ထုတ်ယူမှု မရှိလျှင်ဖြစ်စေ၊ သက်တမ်းတိုးမှတ်ပုံတင်ကြေးပေးသွင်းပြီးကြောင်း အထောက်အထားမတင်ပြနိုင်လျှင်ဖြစ်စေ ခွင့်ပြုထားပြီးဖြစ်သည့် သက်တမ်းတိုးမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ပြီးဖြစ်သည်။

၂၃။ (က) မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခွင့်ရရှိရန် လျှောက်ထားသော အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့သည် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခွင့်မပြုပါက ယင်းသို့ ခွင့်မပြုကြောင်း ပြန်ကြားစာလက်ခံရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ ခွင့်မပြုသော အကြောင်းရင်းနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် ရှင်းလင်းတင်ပြခြင်းတို့ကို ပြုလုပ်၍ ပြန်လည်လျှောက်ထားနိုင်သည်။
(ခ) ပုဒ်မခွဲ(က)အရ ပြန်လည်လျှောက်ထားမှုအပေါ် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က သက်တမ်းတိုးခွင့်မပြုကြောင်းဆုံးဖြတ်ပါက ယင်းဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၂၄။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ် လျှောက်ထားမှုကို ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)အရ ခွင့်မပြုကြောင်း သို့မဟုတ် မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားမှုကို ပုဒ်မ ၂၃ ပုဒ်မခွဲ(ခ)အရ ခွင့်မပြုကြောင်းဆုံးဖြတ်ခြင်းခံရသည့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့သည် မှတ်ပုံတင်လက်မှတ်ရရှိရန် ထပ်မံလျှောက်ထားခွင့်မရှိစေရ။

၂၅။ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဝင်ရောက်စွက်ဖက် ပါဝင်လှုပ်ရှားကြောင်း တွေ့ရှိရပါက ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် ယင်းအသင်းအဖွဲ့ကို ချက်ချင်းဖျက်သိမ်းနိုင်သည်။

## အခန်း(၆)

## မှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိသောအဖွဲ့အစည်းများ

၂၆။ ဤဥပဒေအရ မှတ်ပုံတင်လျှောက်ထားခြင်းနှင့်သက်ဆိုင်ခြင်းမရှိသောအဖွဲ့အစည်းများမှာ အောက်ပါအတိုင်းဖြစ်သည်–
(က) ဘာသာရေး၊ သာသနာရေး၊ စီးပွားရေး၊ နိုင်ငံရေးကိစ္စရပ်များကို တည်ဆဲဥပဒေ တစ်ရပ်ရပ်နှင့်အညီ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၊
(ခ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားရမည့် နိုင်ငံရေးပါတီများ၊
(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊
(ဃ) ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် သို့မဟုတ် ပြည်ထောင်စုနယ်မြေအဆင့် အစိုးရဌာနအဖွဲ့အစည်းများမှ ဖွဲ့စည်းထားသော ကော်မတီ သို့မဟုတ် အဖွဲ့အစည်းများ။

## အခန်း(၇)

## အသင်းအဖွဲ့၏ အခွင့်အရေးနှင့် တာဝန်များ

၂၇။ မှတ်ပုံတင်လက်မှတ်ရရှိထားသောအသင်းအဖွဲ့၏ အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်–
(က) နိုင်ငံတော်ကခွင့်ပြုသော အထောက်အပံ့ကို ရယူခွင့်၊
(ခ) ဥပဒေနှင့်အညီ အသင်းအဖွဲ့၏ ဆောင်ရွက်မှုများအတွက် အစိုးရဌာနအဖွဲ့အစည်းများက ပေးအပ်သည့် အထောက်အပံ့ ရယူခွင့်၊
(ဂ) နိုင်ငံခြားအစိုးရ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့၊ ပြည်တွင်းအသင်းအဖွဲ့၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်က ပေးအပ်သည့် အထောက်အပံ့ကို ဥပဒေနှင့်အညီရယူခွင့်၊
(ဃ) ဥပဒေနှင့်အညီ လှူဒါန်းမှုများအား လက်ခံနိုင်ခွင့်၊ ရန်ပုံငွေဖွင့်လှစ်တည်ထောင်နိုင်ခွင့်၊ ဘဏ်စာရင်းဖွင့်လှစ်နိုင်ခွင့်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ဥပဒေနှင့်အညီ ပိုင်ဆိုင်ခွင့်၊
(င) တရားစွဲဆိုခွင့်နှင့် တရားစွဲဆိုခံပိုင်ခွင့်၊
(စ) မိမိအသင်းအဖွဲ့၏ အမည်၊ တံဆိပ်၊ အမှတ်အသား၊ ဝတ်စုံ၏ ဒီဇိုင်းပုံစံတို့ကို သက်ဆိုင်ရာဥပဒေနှင့်အညီ မူပိုင်ရယူခွင့်နှင့် အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်လက်မှတ်ရရှိထားသည့် ကာလအတွင်း စဉ်ဆက်မပြတ်ဆက်ခံနိုင်ခွင့်၊
(ဆ) ဥပဒေနှင့်အညီ အကာအကွယ်ရယူနိုင်ခွင့်နှင့် ရပ်တည်လှုပ်ရှားခွင့်၊
(ဇ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့်အညီ နိုင်ငံတော်မှ သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသအဖြစ် ကြေညာထားသည့်ဒေသသို့ အရေးပေါ်အကူအညီပေးရေးလုပ်ငန်းများကို သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နယ်မြေကျော်လွန်ဆောင်ရွက်နိုင်ခွင့်။

၂၈။ မှတ်ပုံတင်လက်မှတ်ရရှိထားသောအသင်းအဖွဲ့က လိုက်နာရမည့် တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–
(က) မှတ်ပုံတင်လက်မှတ်လျှောက်ထားရာတွင် အချက်အလက်များကို မှားယွင်းဖော်ပြခြင်း၊ မရိုးမဖြောင့်သောသဘောဖြင့် လွဲမှားစွာ ဖော်ပြခြင်းမပြုရန်၊ စာမျက်နှာ ၁၄ သို့ ☆

☆ စာမျက်နှာ ၁၃ မှ

( ခ ) အသင်းအဖွဲ့၏ အမည်၊ တံဆိပ်၊ အမှတ်အသား၊ ဝတ်စုံ၏ ဒီဇိုင်းပုံစံတို့ကို သုံးစွဲရာတွင် အောက်ပါတို့နှင့် ထပ်တူဖြစ်စေခြင်း၊ ဆင်တူယိုးမှားဖြစ်စေခြင်းမပြုရန် -

(၁) နိုင်ငံတော်၊ အစိုးရဌာနအဖွဲ့အစည်းများမှ တရားဝင်အသုံးပြုလျက်ရှိသည့် အမည်၊ တံဆိပ်၊ အမှတ်အသား၊ ဝတ်စုံ၏ ဒီဇိုင်းပုံစံ၊

(၂) မှတ်ပုံတင်လက်မှတ်ရရှိထားသည့် အသင်းအဖွဲ့၏ အမည်နှင့် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်းတစ်ရပ်ရပ်၏ အမည်၊ တံဆိပ်၊ အမှတ်အသား၊ ဝတ်စုံ၏ ဒီဇိုင်းပုံစံ၊

(၃) တစ်နိုင်ငံလုံး၊ တိုင်းရင်းသားလူမျိုးစုတစ်ရပ်၊ လူမျိုးစုအားလုံး သို့မဟုတ် လုပ်ငန်းနယ်ပယ်တစ်ခုလုံးကို ကိုယ်စားပြုဆောင်ရွက်နိုင်ခြင်းမရှိဘဲ ရယူထားသောအမည်၊

( ဂ ) ခွင့်ပြုထားသည့် မှတ်ပုံတင်လက်မှတ်ပါ အချက်အလက်များကို ပြင်ဆင်ပြောင်းလဲခြင်းနှင့် မှတ်ပုံတင်လက်မှတ်ကို အခြားအသင်းအဖွဲ့အား လွှဲပြောင်းခြင်းမပြုရန်၊

(ဃ) အသင်းအဖွဲ့၏ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ခြင်းမရှိဘဲ မှတ်ပုံတင်လက်မှတ် ရယူထားခြင်းမပြုရန်၊

( င ) သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၏ ထောက်ခံချက်အရ သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က ခွင့်ပြုထားသည့် ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များကို ကျော်လွန်ဆောင်ရွက်ခြင်းမပြုရန်၊

( စ ) အသင်းအဖွဲ့၏အမည်ကိုအသုံးပြု၍ အစိုးရဌာနအဖွဲ့အစည်း၏ လုပ်ငန်းတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် ဝင်ရောက်စွက်ဖက်ခွင့်ရှိသူအဖြစ် အများပြည်သူအား လိမ်လည်လှည့်ဖျားခြင်းမပြုရန်၊

(ဆ) ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ မှတ်ပုံတင်ရေးအဖွဲ့မှ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ ပြုစုထားသော နှစ်ပတ်လည်အစီရင်ခံစာကို မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်မီ) ဖြင့်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင် သို့မဟုတ် မြို့နယ် မှတ်ပုံတင်ရေးအဖွဲ့မှ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် အသင်းအဖွဲ့သည် ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းနှင့်အညီ ပြုစုထားသော နှစ်ပတ်လည်အစီရင်ခံစာကို စာရင်းကိုင် သို့မဟုတ် အမှုဆောင်အဖွဲ့ဝင် သုံးဦးပါဝင်သည့် စာရင်းစစ်အဖွဲ့ဖြင့်လည်းကောင်း စစ်ဆေးထားသော ငွေစာရင်းရှင်းတမ်းနှင့်အတူ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ နှစ်စဉ် ပြက္ခဒိန်နှစ်ကုန်ဆုံးပြီးနောက် ရက်ပေါင်း ၆၀ အတွင်း မပျက်မကွက်တင်ပြရန်နှင့် အစီရင်ခံစာမိတ္တူကို ထောက်ခံချက်ထုတ်ပေးထားသည့် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းသို့လည်း တင်ပြရန်၊

( ဇ ) သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့ကဖြစ်စေ၊ ယင်း၏ တာဝန်ပေးအပ်ချက်အရ ဆောင်ရွက်ရသည့် အစိုးရဌာနအဖွဲ့အစည်းကဖြစ်စေ၊ ဦးစီးဌာနကဖြစ်စေ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် အသင်းအဖွဲ့ကို စစ်ဆေးခြင်း၊ စာတမ်းအမှတ်အသားများ တောင်းယူကြည့်ရှုခြင်း သို့မဟုတ် စုံစမ်းမေးမြန်းခြင်းကို ခွင့်ပြုရန်၊

( ဈ ) မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် ခွင့်ပြုစဉ်က ဖော်ပြခဲ့သည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ကို ပြောင်းလဲဆောင်ရွက်လိုလျှင်ဖြစ်စေ၊ တိုးချဲ့ဆောင်ရွက်လိုလျှင်ဖြစ်စေ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ အသင်းအဖွဲ့၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့်ဆက်စပ်သော သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၏ ထောက်ခံချက်များနှင့်အတူ တင်ပြခွင့်ပြုချက်ရယူရန်၊

(ည) အသင်းအဖွဲ့ဖျက်သိမ်းခြင်း၊ အမည်ပြောင်းလဲခြင်း၊ အသင်းလိပ်စာပြောင်းလဲခြင်း၊ အသင်းအဖွဲ့၏ရုံးခွဲ သို့မဟုတ် နိုင်ငံတော်အတွင်း ဖွင့်လှစ်ထားသည့် အသင်းအဖွဲ့၏ ရုံးခွဲဖွင့်လှစ်ခြင်း သို့မဟုတ် အကြောင်းအမျိုးမျိုးကြောင့် အမှုဆောင်အဖွဲ့ဝင် ပြောင်းလဲခြင်းပြုလုပ်လိုပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်မှတ်တမ်းတင်ထားပြီးဖြစ်သည့် အမှုဆောင်အဖွဲ့ဝင်များ၏ ထက်ဝက်ကျော် သဘောတူဆုံးဖြတ်ချက်နှင့်အတူ ဆုံးဖြတ်သည့်နေ့ရက်မှ ခုနစ်ရက်အတွင်း သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူရန်၊

( ဋ ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့်အညီ နိုင်ငံတော်မှ သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသအဖြစ် ကြေညာထားသည့်ဒေသများသို့ အရေးပေါ်အကူအညီပေးရေးလုပ်ငန်းများကို ဆောင်ရွက်လိုသည့် အသင်းအဖွဲ့သည် ပေးကမ်းလှူဒါန်းမည့် ငွေကြေး၊ ပစ္စည်းအရေအတွက်၊ ပစ္စည်း၏ ခန့်မှန်းတန်ဖိုးနှင့် ဆောင်ရွက်မည့်လုပ်ငန်းတို့ကိုဖော်ပြ၍ သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့သို့ ခွင့်ပြုချက်ရယူရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်၊

( ဌ ) အသင်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို သုံးလလျှင်တစ်ကြိမ် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံ တင်ပြရန်၊

( ဍ ) အသွားအလာကန့်သတ်ထားသည့် နယ်မြေများတွင် ဆောင်ရွက်လိုပါက သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့နှင့် လုံခြုံရေးအဖွဲ့များ၏ ခွင့်ပြုချက်ရယူ၍ ပူးပေါင်းဆောင်ရွက်ရန်၊

( ဎ ) အကူအညီပေးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ထောက်ပံ့ခံရသည့်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တို့အား ခွဲခြားမှုဖြစ်စေမည့်၊ အန္တရာယ်ဖြစ်စေမည့် သို့မဟုတ် ဥပဒေနှင့် မညီသည့် ဆောင်ရွက်ချက်များကို ရှောင်ကြဉ်ရန်၊

(ဏ) ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရန်၊

(တ) တည်ဆဲဥပဒေများကို လိုက်နာရန်၊

(ထ) နိုင်ငံတော်၏ပြည်တွင်းရေး သို့မဟုတ် နိုင်ငံရေးကို ဝင်ရောက်စွက်ဖက်ခြင်းမှ ရှောင်ကြဉ်ရန်။

## အခန်း(၈)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၉။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည်-

(က) ပုဒ်မ ၂၈ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ) သို့မဟုတ် (တ)ပါ တာဝန်တစ်ရပ်ရပ်ကို အသင်းအဖွဲ့က လိုက်နာရန်ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိလျှင် ယင်းအသင်းအဖွဲ့ကို အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(၁) သတိပေးခြင်း၊

(၂) အသင်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်ကို ကာလသတ်မှတ်၍ ကန့်သတ်ခြင်း၊

(၃) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ယာယီရပ်ဆိုင်းခြင်း၊

(၄) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း။

( ခ ) ပုဒ်မ ၂၈ ပုဒ်မခွဲ (ထ) ပါ တာဝန်ကို အသင်းအဖွဲ့က လိုက်နာရန် ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိလျှင် ယင်းအသင်းအဖွဲ့၏ မှတ်ပုံတင်လက်မှတ်အား ပယ်ဖျက်သည့်အမိန့်ကို ချမှတ်ရမည်။

၃၀။ (က) သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က ပုဒ်မ ၂၉ အရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် ချမှတ်သော အမိန့်တစ်ရပ်ရပ်ကို ကျေနပ်မှုမရှိပါက ကျေနပ်မှုမရှိသော အသင်းအဖွဲ့၏ တာဝန်ရှိသူ သို့မဟုတ် အသင်းအဖွဲ့သည် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း တစ်ဆင့်မြင့် မှတ်ပုံတင်ရေးအဖွဲ့ထံ အယူခံဝင်ရောက်နိုင်သည်။

( ခ ) တစ်ဆင့်မြင့် မှတ်ပုံတင်ရေးအဖွဲ့သည် ပုဒ်မခွဲ(က)အရ အယူခံဝင်ရောက်မှုကို စိစစ်ပြီး သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က ချမှတ်သောအမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

( ဂ ) အယူခံမှုကိုဆုံးဖြတ်သော တစ်ဆင့်မြင့် မှတ်ပုံတင်ရေးအဖွဲ့၏ အမိန့်သည် အပြီးအပြတ်ဖြစ်သည်။

၃၁။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က ပုဒ်မ ၂၉ အရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် ချမှတ်သောအမိန့်တစ်ရပ်ရပ်ကို ကျေနပ်မှုမရှိပါက ကျေနပ်မှုမရှိသော အသင်းအဖွဲ့၏ တာဝန်ရှိသူ သို့မဟုတ် အသင်းအဖွဲ့သည် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ထံ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားနိုင်သည်။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က ပြန်လည်သုံးသပ်ပြီး ချမှတ်သော အမိန့်သည် အပြီးအပြတ်ဖြစ်သည်။

၃၂။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည်-

(က) အစိုးရဌာနအဖွဲ့အစည်းတစ်ရပ်ရပ်က ပုဒ်မ ၅၀ အရ အကြောင်းကြားလာလျှင် ယင်းအကြောင်းကြားခံရသည့် အသင်းအဖွဲ့၏ဆောင်ရွက်ချက်များကို စိစစ်ရမည်။

( ခ ) ပုဒ်မခွဲ(က)နှင့်အညီ စိစစ်ရာတွင် အသင်းအဖွဲ့၏ ဆောင်ရွက်ချက်များသည် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူသင့်သည့်ကိစ္စဖြစ်လျှင် ပုဒ်မ ၂၉ တို့ပါ စီမံခန့်ခွဲရေးနည်းလမ်းနှင့်အညီ အမိန့်တစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်။

( ဂ ) ပုဒ်မခွဲ(က)နှင့်အညီ စိစစ်ရာတွင် အသင်းအဖွဲ့၏ ဆောင်ရွက်ချက်များသည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူသင့်သည့်ကိစ္စဖြစ်ကြောင်း တွေ့ရှိပါက သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

## အခန်း(၉)

## တားမြစ်ချက်များ

၃၃။ မည်သူမျှ မှတ်ပုံတင်လက်မှတ်မရှိဘဲ အသင်းအဖွဲ့ကို ဖွဲ့စည်းလှုပ်ရှားခြင်းမပြုရ။

၃၄။ မည်သူမျှ မှတ်ပုံတင်လက်မှတ် သက်တမ်းကျော်လွန်၍ဖြစ်စေ၊ မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ပြီးနောက်ဖြစ်စေ အသင်းအဖွဲ့ကို ဆက်လက်ရပ်တည်ခြင်းမပြုရ။

၃၅။ မည်သူမျှ မှတ်ပုံတင်လက်မှတ်မရှိသော အသင်းအဖွဲ့တွင် အသင်းဝင်အဖြစ်ပါဝင်ခြင်း၊ ဆောင်ရွက်ခြင်း၊ အားပေးကူညီခြင်း သို့မဟုတ် အယောင်ဆောင်ခြင်းမပြုရ။

၃၆။ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် မည်သည့်အသင်းအဖွဲ့မျှ အသင်းအဖွဲ့၏အမည်ကို အသုံးပြု၍ နိုင်ငံရေးပါတီတစ်ခုအတွက်သော် လည်းကောင်း၊ ကိုးကွယ်ရာဘာသာတစ်ခုအတွက်သော် လည်းကောင်း၊ အဖွဲ့ဝင်များ၏ ဘုံအကျိုးစီးပွားအတွက် ဆောင်ရွက်သည့် လူမှုအဖွဲ့အစည်း အကျိုးပြုပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို ဆောင်ရွက်ခြင်းထက် ကျော်လွန်သည့် အကျိုးအမြတ်တစ်စုံတစ်ရာအတွက်သော်လည်းကောင်း ဟောပြောခြင်း၊ စည်းရုံးဆွဲဆောင်ခြင်းမပြုရ။

၃၇။ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် မည်သည့်အသင်းအဖွဲ့မျှ ငွေကြေး၊ ပစ္စည်း သို့မဟုတ် အကူအညီတစ်ရပ်ရပ်ကို တရားမဝင်သော နည်းလမ်းဖြင့်ရယူခြင်း၊ လွှဲပြောင်းခြင်း၊ သုံးစွဲခြင်း၊ ထောက်ပံ့ခြင်း၊ ယင်းကဲ့သို့သော ဆောင်ရွက်ချက်တစ်ရပ်ရပ်ကို ဖုံးကွယ်ခြင်း၊ သို့မဟုတ် ထိမ်ချန်ခြင်းမပြုရ။

၃၈။ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် မည်သည့်အသင်းအဖွဲ့မျှ အောက်ပါအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းမပြုရ-

(က) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်သည့် အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊

( ခ ) အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊

( ဂ ) မတရားအသင်းနှင့် ယင်းမတရားအသင်း၏ အဖွဲ့ဝင်များ။

၃၉။ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် မည်သည့်အသင်းအဖွဲ့မျှ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်စေသည့် ဆောင်ရွက်မှုများမပြုရ။

## အခန်း(၁၀)

## ပြစ်ဒဏ်များ

၄၀။ မည်သူမဆို ပုဒ်မ ၃၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်နိုင်သည်။

၄၁။ မည်သူမဆို ပုဒ်မ ၃၄ သို့မဟုတ် ၃၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ငွေဒဏ်မဆောင်ပါက နှစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၄၂။ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် မည်သည့်အသင်းအဖွဲ့မဆို ပုဒ်မ ၃၆ သို့မဟုတ် ၃၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပြစ်မှုကျူးလွန်သော အသင်းအဖွဲ့၏တာဝန်ရှိသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၃။ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် မည်သည့်အသင်းအဖွဲ့မဆို ပုဒ်မ ၃၈ သို့မဟုတ် ၃၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပြစ်မှုကျူးလွန်သော အသင်းအဖွဲ့၏ တာဝန်ရှိသူကို ငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ် ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ပြစ်မှုကျူးလွန်သည့် အသင်းအဖွဲ့ကို ဖျက်သိမ်းခြင်းနှင့် အသင်းအဖွဲ့ပိုင်ငွေကြေးနှင့် ပစ္စည်းများအား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း အမိန့်တို့ကို ချမှတ်ရမည်။

## အခန်း (၁၁)

## အထွေထွေ

၄၄။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် အသင်းအဖွဲ့အား မှတ်ပုံတင်လက်မှတ်ခွင့်ပြုခြင်း၊ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းတို့ကို ဥပဒေနှင့်အညီ ဆုံးဖြတ်ဆောင်ရွက်နိုင်ရန် ကြိုတင်စိစစ်ခြင်း၊ လိုအပ်သည့်စာရွက်စာတမ်းများ စာမျက်နှာ ၁၅ သို့ ☆

☆ စာမျက်နှာ ၁၄ မှ
တောင်းခံခြင်း၊ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့နှင့် စပ်လျဉ်းသည့် တိုင်ကြားစာစိစစ်ခြင်းများကို ဆောင်ရွက်ရန်နှင့် လိုအပ်သော ရုံးလုပ်ငန်းကိစ္စများကိုဆောင်ရွက်ရန် သက်ဆိုင်ရာဦးစီးဌာနအား တာဝန်ပေးဆောင်ရွက်စေရမည်။ ထိုသို့ဆောင်ရွက်စေရာတွင် လိုအပ်သည့်ကုန်ကျစရိတ်များကို သက်ဆိုင်ရာဦးစီးဌာနက ကျခံရမည်။

၄၅။ ပုဒ်မ ၄၄ အရ တာဝန်ပေးခံရသည့် သက်ဆိုင်ရာဦးစီးဌာနသည်-

(က) အသင်းအဖွဲ့နှင့် စပ်လျဉ်းသည့် တိုင်ကြားစာကို စိစစ်ရာတွင် မှန်ကန်မှုရှိကြောင်း တွေ့ရှိရပါက စီမံခန့်ခွဲရေးနည်းလမ်းအရဖြစ်စေ၊ တည်ဆဲဥပဒေအရဖြစ်စေ အရေးယူသင့်ကြောင်း သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့ထံ ပြန်လည်တင်ပြရမည်။

(ခ) တိုင်ကြားစာသည် မှန်ကန်မှုမရှိကြောင်း တွေ့ရှိရပါက ယင်းတိုင်ကြားစာကို မှတ်တမ်းအဖြစ် ထားရှိသင့်ကြောင်း သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့ထံ ပြန်လည်တင်ပြရမည်။

၄၆။ မှတ်ပုံတင်ရေးအဖွဲ့ကဖြစ်စေ၊ ယင်း၏တာဝန်ပေးအပ်ချက်အရ ဆောင်ရွက်ရသည့် အစိုးရဌာနအဖွဲ့အစည်းကဖြစ်စေ၊ ဦးစီးဌာနကဖြစ်စေ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် အသင်းအဖွဲ့ကို စစ်ဆေးခြင်း၊ စာတမ်းအမှတ်အသားများ တောင်းယူကြည့်ရှုခြင်း သို့မဟုတ် စုံစမ်းမေးမြန်းခြင်းကို ဆောင်ရွက်နိုင်သည်။

၄၇။ မှတ်ပုံတင်လက်မှတ်၏ သက်တမ်းသည် သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က ခွင့်ပြုသည့်နေ့မှစ၍ ငါးနှစ်ဖြစ်သည်။

၄၈။ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် အသင်းအဖွဲ့သည် မှတ်ပုံတင်လက်မှတ်ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းများ ပေါ်ပေါက်ပါက သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း မှတ်ပုံတင်လက်မှတ် မိတ္တူထုတ်ပေးရန် လျှောက်ထားရမည်။

၄၉။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် အသင်းအဖွဲ့အား မှတ်ပုံတင်လက်မှတ်ကိုထုတ်ပေးခြင်း၊ ခွင့်မပြုကြောင်းဆုံးဖြတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့်အခါ အများပြည်သူသိရှိစေရန် နည်းလမ်းတစ်ရပ်ရပ်ဖြင့် ထုတ်ပြန်ကြေညာရမည်။

၅၀။ အသင်းအဖွဲ့၏ မှတ်ပုံတင်လက်မှတ်လျှောက်ထားစဉ်က ထောက်ခံချက်ပေးသည့် အစိုးရဌာနအဖွဲ့အစည်း သို့မဟုတ် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားသည့် အစိုးရဌာနအဖွဲ့အစည်းသည် သက်ဆိုင်ရာအသင်းအဖွဲ့က စည်းကမ်းလိုက်နာမှုမရှိကြောင်း စိစစ်တွေ့ရှိရပါက စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ရန်ဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တရားစွဲဆိုရန်ဖြစ်စေ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ အကြောင်းကြားနိုင်သည်။

၅၁။ အောက်ပါအခြေအနေတစ်ရပ်ရပ်ဖြင့် ဖျက်သိမ်းခွင့်တင်ပြလာသော အသင်းအဖွဲ့ သို့မဟုတ် ယာယီမှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့မှအပ မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်းခံရသည့် အသင်းအဖွဲ့သည် ယင်းအသင်းအဖွဲ့၏ ကျန်ရှိသောပိုင်ဆိုင်မှုများကို ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့် ဌာနအဖွဲ့အစည်းသို့ သတ်မှတ်သည့်နည်းလမ်းအတိုင်း အပ်နှံရမည်-

(က) သတ်မှတ်ချက်များနှင့်အညီ စိစစ်မှတ်တမ်းတင်ထားပြီးဖြစ်သည့် အသင်းအဖွဲ့ရှိ အမှုဆောင်အဖွဲ့ဝင်အားလုံး၏ ဆန္ဒအလျောက် ဖျက်သိမ်းလိုခြင်း၊

(ခ) သတ်မှတ်ချက်များနှင့်အညီ စိစစ်မှတ်တမ်းတင်ထားပြီးဖြစ်သည့် အသင်းအဖွဲ့ရှိ အမှုဆောင်အဖွဲ့ဝင်အရေအတွက်၏ ထက်ဝက်ကျော်မှ ဖျက်သိမ်းရန်တောင်းဆိုခြင်း၊

(ဂ) အသင်းအဖွဲ့အားဖျက်သိမ်းရန် တရားရုံးက အမိန့်ချမှတ်ခြင်း။

၅၂။ ဤဥပဒေအရချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုများသည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်းကို ပိတ်ပင်ခြင်းမရှိစေရ။

၅၃။ အသင်းအဖွဲ့၏အမည်ကို ပြောင်းလဲခြင်းဖြင့် ယင်းအသင်းအဖွဲ့၏ မူလအခွင့်အရေးနှင့် တာဝန်များသည် ပြောင်းလဲမှုမရှိစေရ။

၅၄။ မှတ်ပုံတင်လက်မှတ်ရရှိသည့်အသင်းအဖွဲ့သည် တားမြစ်ချက်တစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ယင်း၏ မှတ်ပုံတင်လက်မှတ်ကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က ပယ်ဖျက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၅၅။ ဤဥပဒေ အာဏာမတည်မီက မှတ်ပုံမတင်ဘဲ ဖွဲ့စည်းထားသော အသင်းအဖွဲ့များသည် ဤဥပဒေနှင့်အညီ အသင်းအဖွဲ့အဖြစ် ဆက်လက်ရပ်တည် လှုပ်ရှားဆောင်ရွက်လိုပါက ဤဥပဒေပြဋ္ဌာန်းပြီးသည့်နောက် ရက်ပေါင်း ၆၀ အတွင်း မှတ်ပုံတင်လက်မှတ်ရရှိရန် လျှောက်ထားရမည်။

၅၆။ (က) ဤဥပဒေအာဏာမတည်မီက အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁/၂၀၁၄) အရ မှတ်ပုံတင်၍ဖွဲ့စည်းထားရှိသော အသင်းအဖွဲ့များသည် ဤဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာလျက် မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးသည်အထိ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ(က)ပါ အသင်းအဖွဲ့များသည် မှတ်ပုံတင်လက်မှတ်သက်တမ်းကုန်ဆုံးပါက ဤဥပဒေနှင့်အညီ အသင်းအဖွဲ့အဖြစ် ဆက်လက်ရပ်တည်လှုပ်ရှား ဆောင်ရွက်လိုလျှင် မှတ်ပုံတင်လက်မှတ် ပြန်လည်လျှောက်ထားရမည်။

၅၇။ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁/၂၀၁၄) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

၅၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မှတ်ပုံတင်ရေးအဖွဲ့၊ ပြည်ထောင်စုနယ်မြေ မှတ်ပုံတင်ရေးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့တို့သည် လိုအပ်သောအမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၅၉။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁/၂၀၁၄)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

**❖ ထိုင်းနိုင်ငံမှ**

"ဗန်ကောက်မြို့မှာ ကျင်းပမယ့် ထုတ်ကုန်ပြပွဲမှာ မြန်မာထောပတ်သီးတွေကို ပြသသွားနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ အခုဆိုရင် ထောပတ်စိုက်ဒေသတွေမှာ ပြည်ပမျိုးတွေကို ဆက်တိုက်စိုက်ပျိုးလာတာ တော်တော်များလာပြီ။ ဒီနှစ်ဆိုရင်လည်း တော်တော်များများ ထွက်ရှိလာပါပြီ။ ၂၀၂၃ ခုနှစ်နဲ့ ၂၀၂၄ ခုနှစ်မှာ အသီးတွေ ပိုထွက်လာတော့မှာပါ။ အဲဒီလို ပေါပေါများများထွက်လာရင် ဈေးကွက်ကို ရှာပေးရမှာပါ။ ဒါကြောင့် ပြပွဲတွေမှာ ခုကတည်းက ဈေးကွက်ကို ကြိုတင်ရှာဖွေနေတာပါ။ နိုင်ငံတကာနဲ့ ဈေးကွက်မှာ ချိတ်ဆက်ဆောင်ရွက်နေပါတယ်။ အခုအောက်တိုဘာလထဲမှာလည်း ပြင်သစ်နိုင်ငံမှာ မြန်မာထောပတ်သီးတွေကို ပြသခဲ့ပါတယ်။ ဒီပြပွဲမှာ ဥရောပနိုင်ငံ တော်တော်များများက ဟက်(စ်)ထောပတ်သီးမျိုးကို ကြိုက်နှစ်သက်ကြတာများတာကို တွေ့ရှိရပါတယ်" ဟု ၎င်းကပြောသည်။

**၂၃ မျိုးရှိ**

မြန်မာနိုင်ငံအတွင်း ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ထောပတ်သီးကို စိုက်ပျိုးကြပြီး ထောပတ်သီး အမျိုးအစားအနေဖြင့် ၂၃ မျိုးရှိကာ လက်ရှိထောပတ်သီးစိုက်ဧကများအနေဖြင့် ၂၀၀၀၀ ဝန်းကျင်ရှိကြောင်း၊ ထောပတ်စိုက်ပျိုးသည့် တောင်သူဦးရေအနေဖြင့် ၆၀၀၀ ကျော်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

# တရားမဝင် ကျွန်းသစ်၊ ရေနံစိမ်း၊ ဆေးဝါးများ၊ မော်တော်ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၈**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၇ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးမြို့နယ် ကန်ရေတိုးဂိတ်အနီး မင်းဘူး-ပဒါန်း ကားလမ်းမကြီးဘေး၌ တရားမဝင် ရေနံစိမ်း ၄၈ ဂါလန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၀၀၀)နှင့် အဆိုပါ ရေနံစိမ်းများ တင်ဆောင်လာသည့် ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၃၁၂၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

အလားတူ ချင်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟားခါးမြို့ ဈေးသစ်ရပ်ကွက် ဗိုလ်ချုပ်လမ်း နာရီစင်လမ်းဆုံတွင် Nissan X-Trail အမျိုးအစား လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


ချင်းပြည်နယ်အတွင်း၌ သိမ်းဆည်းရမိမှု။

ထို့ပြင် အောက်တိုဘာ ၂၈ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် မော်တော်ကားတာယာများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ထားဝယ်ခရိုင် ရေဖြူမြို့နယ် မလွှဲတောင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ်ဆေးဝါးများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၉၇၂၄၀၀)နှင့် အဆိုပါ တရားမဝင်ဆေးဝါးများ တင်ဆောင်လာသော ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၄၉၇၂၄၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အမျိုးသားဆေးဝါးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ်အတွင်း တရားမဝင် ကျွန်းသစ် သုည ဒသမ ၄၅၀၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၇၁၃၂)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ငါးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၂၈၁၅၃၂) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

■

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# တပ်မတော် (လေ)၏ လေယာဉ်မောင်းသင်တန်းအမှတ်စဉ် (၈၄) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၈

တပ်မတော်(လေ)၏ လေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၈၄) ကျောင်းဆင်း တောင်ပံအပ်နှင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ ဗိုလ်ချုပ် အောင်မျိုးသန့်၊ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မိတ္ထီလာတပ်နယ်မှ အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက စစ်ရေးပြကွင်းအတွင်း ချီတက်နေရာယူကြပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်သည် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူ၍ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ်(လေ)အား အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းသို့ တပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ် နည်းပြလေသူရဲများက အမောင်းသင်လေယာဉ်များ၊ အမောင်းသင်ရဟတ်ယာဉ်များဖြင့် အုပ်ဖွဲ့ပျံသန်း၍ ကာကွယ်ရေးဦးစီးချုပ်(လေ) အား အလေးပြုကြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ) က ကျောင်းဆင်းအရာရှိများအား လေသူရဲတောင်ပံများကို တစ်ဦးချင်းအပ်နှင်းသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) က လေယာဉ်မောင်းသင်တန်း အမှတ်စဉ် ( ၈၄ )မှ စံပြလေသူရဲဆုရ ဗိုလ်ထက်နိုင်ဝင်း ၊ လေယာဉ်မောင်းထူးချွန်ဆုရ ဗိုလ်ထက်မြက်ကျော် ၊ စာပေထူးချွန်ဆုရ ဗိုလ်ဒေါ်အင်ကြင်းခက်တို့ကို ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် လေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၈၄)မှ စံပြလေသူရဲဆုရ ဗိုလ်ထက်နိုင်ဝင်းအား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် တပ်မတော်(လေ)ကို ကျစ်လျစ်ပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီလေတပ်အဖြစ် တည်ဆောက်ရာတွင် ကျွမ်းကျင်ပြီး အရည်အချင်း/အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စနစ်တကျလေ့ကျင့်ပေးလျက်ရှိကြောင်း၊ ထိုကဲ့သို့ လေ့ကျင့်ပေးရာတွင် အရေးအကြီးဆုံးဖြစ်သည့် လေသူရဲလေ့ကျင့်မှုအတွက် လေယာဉ်မောင်းသင်ကျောင်းတွင် နိုင်ငံတကာအဆင့်မီ လေ့ကျင့်ရေးလေယာဉ်၊ ရဟတ်ယာဉ်များ အသုံးပြုပြီး လေ့ကျင့်သင်ကြားမှုများကို အဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ လေယာဉ်မောင်းသင်ကျောင်း၏ အဓိကရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အရည်အချင်း/အရည်အသွေး ပြည့်ဝပြီး တိုက်ပွဲဝင်အသင့် စစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်မည့် လေသူရဲများမွေးထုတ်ပေးနိုင်ရေးအတွက် ပျံသန်းရေးနှင့် စာပေသင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာ လေတပ်များနှင့် ရင်ပေါင်တန်းနိုင်အောင် ပြင်ဆင်/ဖြည့်စွက်ဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရမည်ဖြစ်ကြောင်း။

သင်တန်းဆင်းပြီးသည်နှင့် သက်ဆိုင်ရာပျံသန်းရေးအုပ်အသီးသီး၌ တန်ဖိုးကြီးမားသည့် လေယာဉ်၊ ရဟတ်ယာဉ်များကို တာဝန်ယူပျံသန်းမောင်းနှင်ပြီး နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို စတင်ထမ်းဆောင်ခွင့်ရတော့မည် ဖြစ်ကြောင်း၊ လေသူရဲတစ်ဦးချင်းစီ၏ ပျံသန်းမှုအရည်အချင်း၊ အရည်အသွေးမြင့်မားနေမှသာ ပေးအပ်သည့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လေယာဉ်မောင်းသင်ကျောင်းက သင်ကြားပေးလိုက်သည့် ပညာရပ်များကို အခြေခံပြီး စဉ်ဆက်မပြတ် ဆင့်ပွားလေ့လာ သင်ယူမှတ်သားနေရမည်ဖြစ်သကဲ့သို့ တောင်ပံအပ်နှင်းခံရပြီး လေသူရဲတစ်ဦးဖြစ်လာသည့်အတွက် လေသူရဲတစ်ဦး၏ ဂုဏ်အင်္ဂါရပ်များဖြစ်သည့် ကိုယ်ရည်ကိုယ်သွေးမြင့်မားခြင်း၊ ထိုးထွင်းဉာဏ်ထက်မြက်ခြင်း၊ သစ္စာရှိခြင်း၊ အမိန့်နာခံတတ်ခြင်းနှင့် ဖွဲ့လုံ့လရှိခြင်းဟူသည့် အချက်များ ပြည့်စုံအောင် ဆက်လက်ကြိုးစားကြရမည်ဖြစ်ကြောင်း၊ လေသူရဲတောင်ပံ အပ်နှင်းသည်ဆိုရာတွင် ဝေဟင်ထက်တွင် လေယာဉ်ကိုကျွမ်းကျင်စွာပျံသန်းရင်း နိုင်ငံတော်ကာကွယ်ရေးအတွက် အသက်ကိုပင် ငဲ့ကွက်ခြင်းမရှိဘဲ စွန့်လွှတ်စွန့်စား ထမ်းဆောင်ရမည့်တာဝန်များကို အပ်နှင်းခံရခြင်းဖြစ်သည်ဟု နှလုံးသွင်းခံယူထားကြရန် မှာကြားလိုကြောင်း။

လေသူရဲကောင်းတစ်ဦးဆိုသည်မှာ လေယာဉ်/ရဟတ်ယာဉ် တစ်စင်းကို မောင်းနှင်ပျံသန်းတတ်ရုံနှင့် မလုံလောက်ဘဲ ပျံသန်းရေးစည်းကမ်းများကို တိကျစွာ လိုက်နာတတ်မှု၊ မိမိလေယာဉ်/ရဟတ်ယာဉ်များ၏ စွမ်းပကားများအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ ပျံသန်းနိုင်မှု၊ ဘေးအန္တရာယ်ကင်းရှင်းစွာ ပျံသန်းနိုင်မှု၊ ပျံသန်းရေးစိတ်ဓာတ်မြင့်မားကောင်းမွန်မှု၊ ပျံသန်းရေးပညာနှင့် လေကြောင်းဆိုင်ရာ ဗဟုသုတများကို စဉ်ဆက်မပြတ်လေ့လာဆည်းပူးမှု စသည့် အချက်များကို အမြဲလိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လေသူရဲများအဖြစ် သက်ဆိုင်ရာ ပျံသန်းရေးအုပ် အသီးသီးတွင် တာဝန်ထမ်းဆောင်ကြတော့မည့် ရဲဘော်တို့သည် တပ်မတော်အရာရှိတစ်ဦးအဖြစ်သာမက ပျံသန်းရေးပိုင်းတွင် စိတ်ချယုံကြည် အားကိုးရသည့် လေသူရဲကောင်းတစ်ဦးဖြစ်ရန်လည်းလိုအပ်ကြောင်း၊ ထို့ကြောင့် မြေပြင်စည်းကမ်းပိုင်းများအပြင် ပျံသန်းရေး စည်းကမ်းများကိုလည်း တိတိကျကျ လိုက်နာဆောင်ရွက်ခြင်းဖြင့် အန္တရာယ်ကင်းသည့်ပျံသန်းမှုနှင့် စစ်ဆင်ရေးအသင့်ဖြစ်မှုတို့ကို ရရှိလာစေပြီး တပ်မတော်အတွက် အားထားရသည့် လေသူရဲကောင်းများ ဖြစ်လာမည်ဆိုသည်ကို အလေးအနက်ထား မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ)သည် ဝေဟင်မှအုပ်ဖွဲ့ ပျံသန်းအလေးပြုခဲ့ကြသည့် နည်းပြလေသူရဲများကို ဂုဏ်ပြုနှုတ်ဆက်ကာ ကျောင်းဆင်းအရာရှိများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) သည် လေကြောင်း အတတ်သင်လေတပ်စခန်းဌာနချုပ် လေကြောင်းစစ်ဆင်ရေးသင်တန်းကျောင်းဧည့်ခန်းမ၌ ထူးချွန်ဆုရရှိသည့် ကျောင်းဆင်းအရာရှိများနှင့် မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယနေ့ လေသူရဲတောင်ပံအပ်နှင်းခြင်းခံရသူ ကျောင်းဆင်းအရာရှိများအနေဖြင့် သက်ဆိုင်ရာ လေယာဉ်/ ရဟတ်ယာဉ် အမျိုးအစားအလိုက် အဆင့်မြင့်သင်တန်းများ ဆက်လက်တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

နေပြည်တော် အောက်တိုဘာ ၂၈

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ လက်ရေတစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ခဲ့ကြသည်။



အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီး ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ နေ့လယ်စာ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အခြေခံရုံးလုပ်ငန်း ကျွမ်းကျင်မှု သင်တန်းဆင်းပွဲ ကျင်းပ

မန္တလေး အောက်တိုဘာ ၂၈

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနက ကြီးမှူးကျင်းပသော အမှုထမ်းများ အခြေခံရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့က တိုင်းဒေသကြီးသမဝါယမဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက သင်တန်းသား/သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခြင်းနှင့် သင်တန်းသားများမှ သင်တန်းအပေါ် သုံးသပ်ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ တာဝန်ရှိသူများနှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၁၀-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၀၀ | ၂၀၄၅ | ၂၀၄၀ | ၂၀၁၀ | ၂၀၄၅ | ၂၀၇၀ | ၂၀၅၅ | ၂၀၃၀ | ၂၁၂၅ | ၂၁၄၀ | ၂၀၄၀ | ၂၀၄၅ | ၂၀၈၀ | ၂၀၈၀ | ၂၀၈၅ | ၂၃၀၅ | ၂၇၇၀ |
| 95 Ron | ၂၀၉၀ | ၂၁၃၅ | ၂၁၃၅ | ၂၀၉၅ | ၂၁၃၅ | ၂၁၅၅ | ၂၁၄၀ | ၂၁၂၀ | ၂၂၁၅ | ၂၂၃၀ | ၂၁၂၅ | ၂၁၄၀ | ၂၁၇၀ | ၂၁၇၀ | ၂၁၇၅ | ၂၃၉၀ | ၂၈၅၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၄၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၄၅ | ၂၇၆၀ | ၂၇၆၀ | ၂၇၃၀ | ၂၈၄၅ | ၂၈၄၀ | ၂၇၃၅ | ၂၇၄၀ | ၂၇၈၀ | ၂၇၈၀ | ၂၇၈၅ | ၃၀၀၀ | ၃၄၉၅ |
| HSD (50 ppm) | ၂၇၇၅ | ၂၈၂၀ | ၂၈၁၅ | ၂၇၈၀ | ၂၈၂၀ | ၂၈၄၀ | ၂၈၃၅ | ၂၈၀၅ | ၂၉၂၀ | ၂၉၁၅ | ၂၈၁၀ | ၂၈၂၀ | ၂၈၅၅ | ၂၈၅၅ | ၂၈၆၀ | ၃၀၇၅ | ၃၅၂၀ |
| HSD (10 ppm) | ၂၇၇၅ | ၂၈၂၀ | ၂၈၁၅ | ၂၇၈၀ | ၂၈၂၀ | ၂၈၄၀ | ၂၈၃၅ | ၂၈၀၅ | ၂၉၂၀ | ၂၉၁၅ | ၂၈၁၀ | ၂၈၂၀ | ၂၈၅၅ | ၂၈၅၅ | ၂၈၆၀ | ၃၀၇၅ | ၃၅၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၀၂ | ၁၉၇၄ |
| 95 Ron | ၁၉၈၈ | ၂၀၆၁ |
| HSD (500 ppm) | ၂၅၈၁ | ၂၆၄၂ |
| HSD (50 ppm) | ၂၆၅၂ | ၂၇၃၅ |
| HSD (10 ppm) | ၂၆၅၂ | ၂၇၃၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မိကျောင်းရဲကျေးရွာနေ အေးမင်းဇံ(ခ)ကတုံး၊ သဲအူ(ခ)စန္ဒာသိန်း၊ အေးငြိမ်းဇံတို့ သုံးဦးသည် ၎င်းတို့အသုံးပြုသည့် “Aye Min Zan” Facebook အကောင့်၊ “Sandar Thein” Facebook အကောင့်နှင့် “Aye Nyein Zan” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကင်းလှည့်ကျေးရွာနေ အေးကို(ခ)ကိုကို၊ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်နေ စည်သူအောင်(ခ)စည်သူ၊ ပြည်ကြီးတံခွန်မြို့နယ် (ဇ) ရပ်ကွက်နေ အောင်မျိုးဦး(ခ)အောင်ကြီးတို့ သုံးဦးသည် ၎င်းတို့အသုံးပြုသည့် “Aye Ko” Facebook အကောင့်၊ “Sithu Aung” Facebook အကောင့်နှင့် “Aung Myo Oo” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာနေ ခင်အေးသွယ်(ခ)မိငယ်သည် ၎င်းအသုံးပြုသည့် “Khin Aye Thawe” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

## အကြမ်းဖက်သမားလူအုပ်စုများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများ အသုံးပြု၍ အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်

**နေပြည်တော် အောက်တိုဘာ ၂၈**

အစွန်းရောက်အကြမ်းဖက်သောင်းကျန်းသူများသည် အေးချမ်းစွာ နေထိုင်သော ပြည်သူလူထုများနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးတာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များကို ငွေကြေးထောက်ပံ့ကာ နောက်ကွယ်မှ သွေးထိုးမြှောက်ပင့်လှုံ့ဆော်မှုများဖြင့် အများပြည်သူသွားလာနေသော လမ်းမကြီးများ၊ လမ်းများနှင့် ဌာနဆိုင်ရာရုံးများအား လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများဖြင့် ထောင်ကာဖောက်ခွဲခြင်း၊ ပစ်ပေါက်ခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များပြုလုပ်ခဲ့ရာ အောက်တိုဘာ ၂၆ ရက် ည ၁၂ နာရီ ၁၀ မိနစ်တွင် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ပြောင်းခင်းကျေးရွာအနီးရှိ ဓာတ်အား ၆၆၀၀၀ ဗို့ရှိ ဓာတ်တိုင်အား PDF အကြမ်းဖက်အဖွဲ့အင်အား (စိစစ်ဆဲ)က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါဓာတ်တိုင်အောက်ခြေ၌ ပေါက်ကွဲမှုဖြစ်ပွားထားသည်ကို တွေ့ရှိရပြီး အခင်းဖြစ်နေရာအနီးမှ ဆိုင်ကယ်ဘက်ထရီအိုးတစ်လုံး၊ ဝိုင်ယာကြိုးစများကို တွေ့ရှိသိမ်းဆည်းရရှိခဲ့ကာ ပေါက်ကွဲမှုကြောင့် ဓာတ်တိုင်အနည်းငယ်ပျက်စီးခဲ့ပြီး လျှပ်စစ်မီးပြတ်တောက်မှုမရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာလွန်ချမ်းသာ**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၀၅၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၂ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၈-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၅၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၃၁) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၃၈၂,၁၈၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၁,၃၆၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၉၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၅,၃၄၉) ဦးရှိပြီဖြစ်ပါသည်။ ယနေ့ တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁)ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၁) ဦးရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၅-၁၀-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ စုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေ ထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၉၂၈၁၉၅၄ | ၉၆၇၅၂၇၉၈ | ၁၀၉၄၅၉၆ |
| ၂။ | အိန္ဒိယ | ၄၄၆၄၉၀၈၈ | ၄၄၁၀၀၆၉၁ | ၅၂၈၉၉၉ |
| ၃။ | ပြင်သစ် | ၃၆၇၄၄၆၅၅ | ၃၅၆၀၉၅၈၆ | ၁၅၆၇၇၁ |
| ၄။ | ဂျာမနီ | ၃၅၅၂၃၄၁၂ | ၃၃၇၇၂၈၀၀ | ၁၅၃၃၇၇ |
| ၅။ | ဘရာဇီး | ၃၄၈၅၇၆၄၈ | ၃၄၀၃၈၉၉၅ | ၆၈၈၀၁၃ |
| ၆။ | တောင်ကိုရီးယား | ၂၅၄၆၆၉၉၂ | ၂၄၉၅၀၇၀၁ | ၂၉၁၀၀ |
| ၇။ | ဗြိတိန် | ၂၃၈၅၅၅၂၂ | ၂၃၄၉၈၀၀၆ | ၁၉၂၆၈၂ |
| ၈။ | အီတလီ | ၂၃၄၇၅၁၈၇ | ၂၂၈၁၂၀၀၆ | ၁၇၈၉၄၀ |
| ၉။ | ဂျပန် | ၂၂၁၈၈၀၁၇ | ၂၀၄၈၄၆၅၁ | ၄၆၅၃၆ |
| ၁၀။ | ရုရှား | ၂၁၄၀၉၈၁၅ | ၂၀၇၇၅၅၈၉ | ၃၈၉၉၅၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၉၉၃၅၇ | ၁၀၆၀၂၂၅၉ | ၄၃၁၆၂ |
| ၂။ | အင်ဒိုနီးရှား | ၆၄၈၄၇၆၄ | ၆၃၀၃၄၇၇ | ၁၅၈၅၄၄ |
| ၃။ | မလေးရှား | ၄၈၉၀၄၃၇ | ၄၈၂၅၂၅၅ | ၃၆၄၆၂ |
| ၄။ | ထိုင်း | ၄၆၈၉၈၉၇ | ၄၆၄၉၅၀၉ | ၃၂၉၂၂ |
| ၅။ | ဖိလစ်ပိုင် | ၄၀၀၀၇၈၃ | ၃၉၁၅၁၃၉ | ၆၃၉၅၉ |
| ၆။ | စင်ကာပူ | ၂၀၈၆၅၈၈ | ၁၉၉၄၅၇၉ | ၁၆၇၀ |
| ၇။ | မြန်မာ | ၆၃၁၃၆၇ | ၆၀၅၃၄၉ | ၁၉၄၈၁ |
| ၈။ | ဘရူနိုင်း | ၂၃၇၆၅၆ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၆၂၂၃ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၉၈၁ | ၁၃၄၉၁၈ | ၃၀၅၆ |

## ကျောက်တန်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း(၁/၂၀၂၂)ဆင်းပွဲ ကျင်းပ

ကျောက်တန်း အောက်တိုဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် အရန်မီးသတ်သင်တန်းတပ်ဖွဲ့လေ့ကျင့်ရေး (မွမ်းမံ) သင်တန်း (၁/၂၀၂၂)ဆင်းပွဲကို ယနေ့ ညနေ ၄ နာရီက ကျောက်တန်းမြို့နယ် မီးသတ်ဦးစီးဌာနရုံးခန်းမ၌ကျင်းပခဲ့သည်။

ရှေးဦးစွာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖုန်းခန့်ကမီးသတ်တပ်ဖွဲ့ဝင်များ၏ စေတနာ၊ ဝါသနာ၊ အနစ်နာခံမှုများ၊ ပြည်သူများအပေါ် အလုပ်အကျွေး ပြုနေမှုများကို ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးအောင်ကျော်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားခဲ့ပြီးတာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။




သင်တန်းကာလမှာ အောက်တိုဘာ ၃ ရက်မှ ၂၈ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သျှင်ဝင်းသျှင်**

## ကျန်ရစ်သူအကျိုးခံစားခွင့်ငွေလုံးငွေရင်း ထုတ်ပေး

ရန်ကုန် အောက်တိုဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်လူမှုဖူလုံရေးရုံးဒဂုံမြို့သစ်(မြောက်ပိုင်း)တွင် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမား ဒေါ်ခင်မာချိုသည် ၂၀၂၂ ခုနှစ် ဇူလိုင် ၂၀ ရက်နေ့တွင် စက်ရုံမှ အပြန်လမ်းခရီး၌ယာဉ်မတော်တဆဖြစ်၍ သေဆုံးခဲ့သည့်အတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်းကို ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင်အမှတ်(၅၉/၆၀) ကနောင်မင်းသားကြီးလမ်း (၁၁၃)ရပ်ကွက် အရှေ့ဒဂုံမြို့နယ်ရှိ ၄င်းစက်ရုံ အစည်းအဝေးခန်းမ၌ကျင်းပသည်။




ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက အာမခံအလုပ်သမား ဒေါ်ခင်မာချိုအလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၇၃၂၀၀၀၀ ကို မိခင်ဖြစ်သူ ဒေါ်ခင်ရီအား အလုပ်ဌာနမှ တာဝန်ရှိသူများ၊ အလုပ်သမားရေးရာညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ ရှေ့မှောက်တွင် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်း အကျိုးခံစားခွင့်များကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

၂၂

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုယာဉ်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးလုပ်ငန်းနှင့် ပြခန်းများ ခင်းကျင်းပြသနိုင်ရေး အစည်းအဝေးကျင်းပ



**တောင်ကြီး အောက်တိုဘာ ၂၈**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားပြခန်းများ ပြသရေးနှင့် ဂုဏ်ပြုယာဉ်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၂) ကို ယနေ့နံနက် ၁၀ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ်ကိုယ်စားပြု ပြခန်းများ ခင်းကျင်းပြသနိုင်ရေးအတွက် ခံ့ညားထည်ဝါစွာဖြစ်စေရေး၊ ပြည့်ပြည့်စုံစုံ၊ ဝေဝေဆာဆာဖြစ်စေရေး၊ ထူးခြားသော တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ရိုးရာအစားအစာများကို ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ကြိုတင်စီမံဆောင်ရွက်နိုင်ရေး၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား ဂုဏ်ပြုယာဉ်ကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးအောင်မြင့်တို့က ဆွေးနွေးကြပြီး (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား ဂုဏ်ပြုယာဉ်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးလုပ်ငန်းများ ဆွေးနွေး၍ ပြခန်းများ ခင်းကျင်းပြသနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ရေးလုပ်ငန်းများ ဆွေးနွေးကြပြီး တက်ရောက်လာသည့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တပည့်များကို တိုင်းပြည်နှင့် လူမျိုးကိုချစ်မြတ်နိုးတတ်သော၊ ဂါရဝတရားကိုင်းရှိုင်းတတ်သော သူများဖြစ်အောင် ပြုစုပျိုးထောင်ပေး

**ဘားအံ အောက်တိုဘာ ၂၈**

သင်ကြားနည်းဆိုင်ရာ ဆရာအတတ်ပညာများ ပိုမိုကျွမ်းကျင်လာပြီး ပညာရေးလောကတွင် မရှိမဖြစ်လိုအပ်သော ပညာရေးဘွဲ့ရ ဆရာ ဆရာမ များ ပိုမိုပေါ်ထွန်းလာစေရေးနှင့် အထက်တန်းပြ ဆရာ ဆရာမများ လုံလောက်စွာရရှိရေးအတွက် ရည်ရွယ်ဖွင့်လှစ်သည့် သင်တန်းဖြစ်ကြောင်း ယနေ့ နံနက် ၉ နာရီက အဆိုပါဒီဂရီကောလိပ် သီရိခန်းမ၌ ကျင်းပသည်။ ဘားအံပညာရေးဒီဂရီကောလိပ်တွင် ပညာရေးဘွဲ့ စာပေးစာယူပထမနှစ် သင်တန်း (၂/၂၀၂၂) တက်ရောက်နေကြသော သင်တန်းသား သင်တန်းသူများအား ကြိုဆိုဂုဏ်ပြုသည့် အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြောကြားသည်။

**ဂါရဝတရား**

ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းမှရရှိသည့် ခေတ်မီသင်ကြားနည်းစနစ်များကို အသုံးပြု၍ ကျောင်းသား ကျောင်းသူများကို စာပေဘာသာရပ်များအပြင် စာရိတ္တဖွံ့ဖြိုးတိုးတက်စေရန်၊ ယဉ်ကျေးလိမ္မာသိတတ်သော မျိုးဆက်သစ်လူငယ်များဖြစ်စေရန်၊ ပြုစုပျိုးထောင်ပေးကြရန်၊ မိမိတို့၏တပည့်များကို တိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးတတ်သော၊ ဂါရဝတရား ကိုင်းရှိုင်းတတ်သောသူများဖြစ်အောင် ပြုစုပျိုးထောင်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားသည်။

ပညာရေးဘွဲ့ စာပေးစာယူ (၂/၂၀၂၂)သင်တန်းသို့ ကရင်ပြည်နယ်အတွင်းရှိ အလယ်တန်းနှင့် အထက်တန်းပြ ဆရာ ဆရာမ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၀၂ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၁၀ ရက်မှ နိုဝင်ဘာ ၂၃ ရက်အထိဖြစ်သည်။ သင်တန်းတွင် ပညာရေး သဘောတရား၊ ပညာရေးစိတ်ပညာ၊ English Language Proficiency (ELP)၊ အထူးပြုဘာသာရပ်များ၏ သင်ပြနည်းနှင့် တတ်ကျွမ်းမှုဘာသာရပ်များကို ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ဌာနဆိုင်ရာဝန်ထမ်းများ၏ (အငှမ) အကြိမ်မြောက်စုပေါင်းဘုံကထိန် ကျင်းပ

**မံစီ အောက်တိုဘာ ၂၈**

ကချင်ပြည်နယ် မံစီမြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၏ (အငှမ) အကြိမ်မြောက် စုပေါင်းဘုံကထိန်ကို ယနေ့နံနက် ၉ နာရီက မောရဝတီရပ်ကွက် အေးသာယာကုန်း တောင်တန်းသာသနာပြုကျောင်းတိုက်၌ အေးသာယာမိသားစု၊ ပညာ့မီးအိမ်ရှင် မိသားစုတို့နှင့် ပူးပေါင်း၍ ကျင်းပကြသည်။

ဦးစွာ စုပေါင်းဘုံကထိန်တွင် သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို သံဃာတော်အရှင်သူမြတ်တို့အား ဆက်ကပ်လှူဒါန်းခြင်း၊ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ တရားနာယူခြင်း၊ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဆန်စိမ်းများလောင်းလှူခြင်းနှင့် နေ့ဆွမ်းဆက်ကပ်ခြင်းတို့ကို ပြုလုပ်သည်။

အဆိုပါ စုပေါင်းကထိန်ကို မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အလှူရှင်များပူးပေါင်းကာ နှစ်စဉ်ကျင်းပလျက်ရှိပြီး မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ တစ်နှစ်လျှင် တစ်ကျောင်းဖြင့် နှစ်စဉ်ဘုန်းတော်ကြီးကျောင်းများကို အလှည့်ကျ ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယခုနှစ် (အငှမ) အကြိမ်မြောက်တွင် အလှည့်ကျသည့် မောရဝတီရပ်ကွက် အေးသာယာကုန်း တောင်တန်းသာသနာပြုကျောင်းတိုက်သို့ စုစုပေါင်းငွေကျပ် ၁၁၅၉၀၄၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၁၂၁) သင်တန်းဆင်းပွဲ ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၂၈**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ဖွင့်လှစ်ခဲ့သည့် အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ်(၁၂၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပရာ သင်တန်းဆင်းတပ်ခွဲက နိုင်ငံတော်အလံအား အလေးပြုခဲ့ပြီး ဆက်လက်၍ ပါမောက္ခချုပ် ဦးဇော်ဇော်ကို အလေးပြုခဲ့ကြသည်။

**ချီးမြှင့်**

ယင်းနောက် ပါမောက္ခချုပ်က သင်တန်းသားစံပြဆုကို သင်တန်းသား ဦးကျော်သူရဝင်း၊ အလုပ်သင်ဒု-အကောက်ခွန်မှူး၊ အကောက်ခွန်ဦးစီးဌာန စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို လည်းကောင်း၊ သင်တန်းသူစံပြဆုကို သင်တန်းသူ ဒေါ်စိုးစိုးလှိုင်၊ အကောက်ခွန်မှူး၊ အကောက်ခွန်ဦးစီးဌာန စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကိုလည်းကောင်း ချီးမြှင့်သည်။ သင်တန်းသား သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ် ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆု ရရှိသူများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို ချီးမြှင့်ခဲ့ပြီး ဆက်လက်၍ သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ ပါမောက္ခများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား ၂၅၁ ဦး၊ သင်တန်းသူ ၃၄၆ ဦး စုစုပေါင်း ၅၉၇ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၄ ရက်မှ စက်တင်ဘာ၂၃ ရက်အထိ Distance Learning ဖြင့်လည်းကောင်း၊ အောက်တိုဘာ ၃ ရက်မှ ၂၈ ရက်အထိ In-House Learning ဖြင့် လည်းကောင်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မြောက်ဥက္ကလာပမြို့နယ်တွင် ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေးဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်တွင် အခြေခံပညာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများအား စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး မြို့နယ်အဆင့် (ဆင့်ပွား)အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပညာရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းကျောင်းအုပ် ခြောက်ဦး၊ အလယ်တန်းကျောင်းအုပ် ၁၂ ဦး၊ မူလတန်းကျောင်းအုပ် ၃၅ ဦး၊ စုစုပေါင်း ၅၃ ဦးတို့ တက်ရောက်ခဲ့ပြီး ပညာရေးကဏ္ဍ၊ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးနှင့် စီမံကိန်းကြီးကြပ်အကဲဖြတ်ခြင်း ဘာသာရပ်များကို အောက်တိုဘာ ၂၈ ရက်မှ ၂၉ ရက်အထိ နှစ်ရက်ကြာ ဆွေးနွေးပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6

ယခင်အပတ်က Unit 5 Lesson 2: Let's read a short note! သင်ခန်းစာပါ အကြောင်းအရာများကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Unit 5 Lesson 3: Where are you from? အကြောင်း ဖော်ပြသွားမှာဖြစ်ပါတယ်။

### Unit 5 Lesson 3: Where are you from? (သင်ဘယ်ကလာတာလဲ)

- Countries, nationalities and capitals (နိုင်ငံ၊ လူမျိုးနှင့် မြို့တော်များ)
- Present Simple (V1+s,es,ies)

**Vocabulary**

Look at the names of ASEAN countries, their nationalities and their capitals. အာဆီယံနိုင်ငံအမည်များ၊ လူမျိုးများနှင့် မြို့တော်များကို လေ့လာပြီး အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

| No. | Country နိုင်ငံ | Nationality လူမျိုး | Capital မြို့တော် |
|---|---|---|---|
| 1. | Brunei Darussalam | Bruneian | Bandar Seri Begawan |
| | ဘရူနိုင်းဒါရုဆလင် | ဘရူနိုင်းယန်း | ဘန်ဒါဆီရီဘီဂါဝန် |
| 2. | Cambodia | Cambodian | Phnom Penh |
| | ကမ္ဘောဒီးယား | ကမ္ဘောဒီးယန်း | ဖနောင်ပင် |
| 3. | Indonesia | Indonesian | Jakarta |
| | အင်ဒိုနီးရှား | အင်ဒိုနီးရှန်း | ဂျကာတာ |
| 4. | Lao PDR | Laotian | Vientiane |
| | လာအို | လာအိုရှန်း | ဗီယင်ကျန်း |
| 5. | Malaysia | Malaysian | Kualar Lampur |
| | မလေးရှား | မလေးရှန်း | ကွာလာလမ်ပူ |
| 6. | Myanmar | Myanmar | Nay Pyi Taw |
| | မြန်မာ | မြန်မာ | နေပြည်တော် |
| 7. | The Philippines | Filipino | Manila |
| | ဖိလစ်ပိုင် | ဖိလစ်ပီနို | မနီလာ |
| 8. | Singapore | Singaporean | Singapore |
| | စင်ကာပူ | စင်ကာပူရီယန်း | စင်ကာပူ |
| 9. | Thailand | Thai | Bangkok |
| | ထိုင်း | ထိုင်း | ဗန်ကောက် |
| 10. | Vietnam | Vietnamese | Hanoi |
| | ဗီယက်နမ် | ဗီယက်နမ်မီးစ် | ဟနွိုင်း |

**Choose the correct answers.**

**1. What is the capital of Vietnam?**
(a) Manila (b) Bangkok (c) Hanoi

**2. Where is Kualar Lampur?**
(a) in Thailand (b) in Malaysia (c) in Lao PDR

**3. What is a citizen of Brunei Darussalam called?**
(a) Bruneian (b) Thai (c) Singaporean

**4. Which country is next to Myanmar?**
(a) Thailand (b) Singapore (c) Malaysia

**5. Which country's flag has a triangle?**
(a) Vietnam's (b) Indonesia's (c) The Philippines'

**6. Where is Vientiane?**
(a) in Malaysia (b) in Thai (c) in Lao PDR

**7. What is the capital of Myanmar?**
(a) Jakarta (b) Manila (c) Nay Pyi Taw

**8. What is the nationality of the Philippines?**
(a) Singaporean (b) Vietnamese (c) Filipino

**9. In which country is Bangkok located, Malaysia or Thailand?**

**10. What is the capital of Brunei Darussalam?**
(a) Kualar Lampur (b) Phnom Penh (c) Bandar Seri Begawan

*Ans: 1. (c) Hanoi; 2. (b) in Malaysia; 3. (a) Bruneian; 4. (a) Thailand; 5. (c) The Philippines'; 6. (c) in Lao PDR; 7. (c) Nay Pyi Taw; 8. (c) Filipino; 9. in Thailand; 10. (c) Bandar Seri Begawan;*

(လာမည့်အပတ်တွင် Present Simple Tense အကြောင်းဖော်ပြပါမည်)

## Grade 7

ယခင်အပတ်က Review Exercise လေ့ကျင့်ခန်းများကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Unit 4 Lesson 1: Travel and transport အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

### Unit 4 Lesson 1: Travel and transport (ခရီးသွားခြင်းနှင့် သယ်ယူပို့ဆောင်ရေး)

- Kinds of transport (သယ်ယူပို့ဆောင်ရေးအမျိုးအစားများ)
- Travel by public transport (အများသုံးပို့ဆောင်ရေးဖြင့် ခရီးသွားခြင်း)

<u>Kinds of transport</u>

(A) Translate the following. (အောက်ပါတို့ကို မြန်မာလိုရေးပါ။)

1. plane ________
2. boat ________
3. bus ________
4. coach ________
5. jet ________
6. helicopter ________
7. bicycle ________
8. ship ________
9. taxi ________
10. train ________
11. ferry ________
12. motorcycle ________

**(B) Read the sentences about how students go to school and practise them.** (ကျောင်းသားတွေ ကျောင်းဘယ်လိုသွားသလဲရေးထားသည့် ဝါကျများကို ဖတ်ရှုလေ့လာပြီး စကားပြောလေ့ကျင့်ပါ။)



Student 1: I go to school <u>by bus</u>, it takes about twenty minutes. (ကျောင်းကို ဘတ်စ်ကားဖြင့် သွားပါတယ်။ မိနစ် ၂၀ ကြာပါတယ်။)

Student 2: Most of the time, I go to school <u>by bike</u>. But if it is raining, I take the bus. (များသောအားဖြင့် ကျောင်းကို စက်ဘီးဖြင့်သွားပါတယ်။ ဒါပေမဲ့ မိုးရွာရင်တော့ ဘတ်စ်ကားစီးပါတယ်။)

Student 3: I go to school <u>on foot</u>. It is good exercise. But when it rains, I get the bus. (ကျောင်းကို ခြေကျင်သွားပါတယ်။ လမ်းလျှောက်ခြင်းက ကောင်းမွန်တဲ့လေ့ကျင့်ခန်းပါ။ မိုးရွာရင်တော့ ဘတ်စ်ကားစီးပါတယ်။)

Student 4: I usually go to school <u>by school bus</u>. Sometimes, I get up late and I miss my bus. So I have to take a taxi. (ကျောင်းကို ကျောင်းဘတ်စ်ကားဖြင့် သွားပါတယ်။ တစ်ခါတစ်ရံ အိပ်ရာထနောက်ကျရင် တက္ကစီကားဖြင့် သွားပါတယ်။)

Student 5: I go to school <u>by car</u>, it takes about an hour because there's a lot of traffic. Sometimes, I listen to music during the journey. (ကျောင်းကို ကားဖြင့်သွားပါတယ်။ ယာဉ်ကြောပိတ်ဆို့မှုတွေရှိတော့ တစ်နာရီကြာပါတယ်။ တစ်ခါတစ်ရံ လမ်းမှာ သီချင်းနားထောင်သွားပါတယ်။)

**(C) Ask your friends how they go to school.** (သင့်သူငယ်ချင်းတွေ ကျောင်းဘယ်လိုလာသလဲဆိုတာ မေးခွန်းများ မေးပါ။)

e.g. **Student A:** How do you go to school?
**Student B:** by bus.
**Student A:** How long does it take?
**Student B:** about 20 minutes.

1. **You :** ____________________.
**Your friend :** ________________.
**You :** ______________.
**Your friend:** ________________.

**(D) Write down their names and the kinds of transport they take.** (မေးခွန်းများပြန်လည်ဖြေကြားသည့် သူငယ်ချင်းနာမည်နှင့် ပို့ဆောင်ရေးအမျိုးအစားကို ချရေးပါ။)

| Name | Kinds of transport |
|---|---|
| 1.__________ | __________________ |
| 2.__________ | __________________ |
| 3.__________ | __________________ |
| 4.__________ | __________________ |
| 5.__________ | __________________ |

(လာမည့်အပတ်တွင် Lesson 2 : A Holiday in Mandalay အကြောင်း ဖော်ပြပါမည်)

# Grade 8

## Unit 6

### Lesson 1 : Our environment

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. Chlorine is added to the water to kill b___________.
2. We need fresh a______________.
3. The ship crashed on the r____________s.
4. Why is w____________ important for humankind?
5. Plants get the nutrition from the s__________.
6. We love t___________ for many reasons.They give us oxygen and shade.
7. There are many active v_____________s in Japan.
8. M____________ are trees or bushes that grow in thick clusters along seashores and riverbanks.
9. Overfishing is damaging the delicate marine e___________.
10. An atmosphere filters the sun's r___________.

**II. Supply the correct form of the words given in brackets.**

1. (nature) Myanmar is rich in _____________ resources.
2. (chemistry) Lead and mercury are ____________ substances.
3. (environ) Many people are concerned about the pollution of the _____________.
4. (response) The driver is ____________ for the safety of his passengers.
5. (interest) This story is very _____________.

**III. Complete the sentences with the words given below. There are two extras.**

wildlife bacteria mangroves earth atmosphere soil ecosystem

1. We need good ___________ to grow fruit trees.
2. ____________ is the layer of gases that surrounds the earth.
3. The teacher taught us the importance of washing their hands to kill off bad _____________.
4. Polluted water sources are a hazard to _____________.
5. Around 73% of the surface of the ____________ is covered with water.

**IV.Supply the correct form of the verbs given in brackets.**

1. (erupt) The volcano could __________ at any time.
2. (improve) I think your English ___________ a lot.
3. (talk) We are __________ about the film "The Tiger".
4. (you, use) What kind of toothpaste ___________?
5. (save) I ___________ for a new car.
6. (conclude) The story ___________ with a happy ending.
7. (make) Wine ___________ from grapes.
8. (we, eat) Where ____________ tonight?
9. (call) Please ____________ me at 7 o'clock tomorrow morning.
10. (explain) He ____________ his plan to us.

**V.Complete the sentences with correct preposition.**

on in at for since

1. We always go to Taunggyi ___________ March.
2. I have a meeting __________ 15th April.
3. I always wake up _____________ 6 a.m.
4. Maung Gyi has been in the village ___________ Monday.
5. It's his birthday ___________ Monday.
6. Khin Khin will work with us __________ one month.
7. My grandpa retired ____________ October.
8. I'll be back ____________ an hour.
9. The weather ___________ the cold season is nice.
10. I've been living here ____________ one year.

**VI. Rearrange the following words/ phrases to form meaningful sentences.**

1. this Friday / have / we / a holiday
________________________________________________.
2. cooks / my mom /delicious food
________________________________________________.
3. welcomed / every guest / was
________________________________________________.
4. the thief / arrested / the policeman
________________________________________________.
5. bakes / a baker / bread
________________________________________________.
6. of leather / the jacket / was made
________________________________________________.
7. sipped / some water / the sparrow
________________________________________________.
8. the computer / is working on / my neighbor
________________________________________________.
9. our gratitude / to show / we have / to them
________________________________________________.
10. if you work hard, / surely / you will / succeed
________________________________________________.

************************

# Grade 9

အရင်တစ်ပတ်က Lesson 4: TWO WORDS OF WISDOM, Lesson 5 : PENICILLIN နဲ့ Lesson 6: MUSICAL INSTRUMENTS တို့ရဲ့ Verb Form မေးခွန်းများကိုဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ Lesson 7 What will the weather be like tomorrow?, Lesson–8: How to study နဲ့ Lesson–9 The Greatest Inventor တို့ရဲ့ Verb Form မေးခွန်းများကို ဆက်လက်ဖော်ပြသွားမှာဖြစ်ပါတယ်။

## Lesson 7
## What will the weather be like tomorrow?

**Supply the correct form of the verb given in brackets.**

1. (blow) He drew on his cigarette and _____ out a stream of smoke.
2. (indicate) Mist in the early morning _____ that the day will be warm.
3. (send) She _____ a letter to her family by e-mail every month.
4. (twinkle) Last night, stars _____ in the sky.
5. (sign) _____ your name here, please.
6. (know) We ____ each other for years.
7. (orbit) The earth _____ the sun.
8. (rain) Yesterday it _____ all day.
9. (circle) Spelling mistakes are ____ in red ink.
10. (expect) Temperatures are _____ to reach 40°C.
11. (measure) The main bedroom _____12ft by 15 ft.
12. (not, dry) Don't touch! The paint ___ yet.
13. (shine) Her eyes were _____ with excitement.
14. (look) I ______ for my lost pen but I can't find everywhere.
15. (look) Do you notice that someone _____ at us?

Ans:

*1. blew; 2. indicates; 3. sends; 4. twinkled; 5. sign; 6. have known; 7. orbits; 8. rained; 9. circled; 10. expected; 11. measures; 12. has not been dried; 13. shining; 14. have looked; 15. is looking;*

************

## Lesson–8: How to Study

**Supply the correct form of the verb given in brackets.**

1. (forget) I'll never _____ meeting you for the first time.
2. (clear) I had _____ my desk before I left.
3. (walk) The door opened and she _____ in.
4. (reject) He has been _____ by universities he applied to.
5. (read) I can't ____ your handwriting.
6. (mean) "Wealthy" _____ "rich".
7. (test) We _____ your English before deciding which class to put youin.
8. (write) Don't disturb me. I _____ to my family.
9. (play) Newcastle are _____ against Arsenal tonight.
10. (give) This news will _____ hope to thousands of sufferers.
11. (relax) I like to _____ with a good book when I get home from work.
12. (exhaust) The long journey ____ me.
13. (fill) Dark c louds _____ the sky yesterday evening.
14. (stop) What time is it? My watch has _____.
15. (spend) She _____too much money on clothes.

*Ans:*

*1. forget; 2. cleared; 3. walked; 4. rejected; 5. read; 6. means; 7. will test; 8. am writing; 9. playing; 10. give; 11. relax; 12. exhausted; 13. filled; 14. stopped; 15. spends;*

*****************

## Lesson–9
## The Greatest Inventor

**Supply the correct form of the verb given in brackets.**

1. (ask) Listen carefully! I ____you some questions.
2. (die) Her husband _____ suddenly last week.
3. (dance) Who did she _____ with at the party last night?
4. (not buy) My aunt _____ a video camera yet.
5. (bear) My sister _____ in 1996.
6. (invent) Louis Braille _____ an alphabet for blind people.
7. (bring) Did you _____ anything back with you?
8. (know) We _____ each other for three years.
9. (bite) My friend _____ by a mad dog this morning.
10. (hear) Did you _____ a noise last night?
11. (break) He _____ his arm yesterday.
12. (take) You should _____ a photo of that scene.
13. (read) Have you ever _____ this book in English?
14. (use) Who _____ my computer in my absence?
15. (make) Mother _____ dinner for us now.
16. (leave) Please _____ me the keys.
17. (learn) I _____ English since my childhood.
18. (be) He _____ here for three hours.
19. (think) I _____ he is angry with you.
20. (keep) How many pet dogs do you _____?

*Ans:*

*1. will ask; 2. died; 3. dance; 4. hasn't bought; 5. was born; 6. invented; 7. bring; 8. have known; 9. was bitten; 10. hear; 11. broke; 12. take; 13. read; 14. used; 15. is making; 16. leave; 17. have learnt; 18. has been; 19. think; 20. keep;*

****************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၆၁ ဆူ | ၂၅၉ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၈ ခန်း | ၃၉၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၃ တိုင် | ၇ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၆ ခု | ၅၃၆ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၁ ကျင်း | ၂၀၅၈. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၄ ကျင်း | ၁၉၄. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၁ ကျင်း | ၅၈၈၉. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၃၅ ကျင်း | ၁၆၀၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၁၀ စုံ | ၂၉၀ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

မူးယစ်ကို
ပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

## ဦးသိန်းလွင်

**လက်ထောက်ဌာနမှူး(ငြိမ်း)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အသက်(၇၉)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပျော်ဘွယ်ကျေးရွာနေ (ဦးမြမောင်-ဒေါ်သန်းတင်)တို့၏ ချစ်လှစွာသောသား၊ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ စီပင်ကျေးရွာနေ (ဦးမင်း-ဒေါ်ခင်သိန်း)တို့၏ သားသမက်၊ (ဦးဟန်-ဒေါ်လှမေ)တို့၏ညီ၊ ဒေါ်သောင်းရီ-(ဦးမြင့်ဆွေ)တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ပါရမီလမ်းနေ ဒေါ်သန်းသန်းအေး၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်မို့မို့လွင်-ဦးဇော်ထွန်း၊ ဒုတိယဗိုလ်မှူးကြီး ရဲမင်းအောင်-ဒေါ်စုစန္ဒာအောင်တို့၏ ချစ်လှစွာသောဖခင်၊ မရွှန်းလဲ့ရွှေရည်ရည်၊ မောင်ကောင်းထက်ကျော်၊ မောင်လင်းခန့်ပိုင်တို့၏ ချစ်လှစွာသော ဘိုးဘိုးသည် ၂၇-၁၀-၂၀၂၂ ရက် နံနက် ၉:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၆ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဒေါက်တာဘဒ္ဒန္တပဝရာဘိဝံသ**
**(အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)**
**သ-စ-အ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ ပါမောက္ခ၊ မဟာဌာနမှူး**
**"အပြည်ပြည်ဆိုင်ရာ ထေရဝါဒသာသနာပြုတက္ကသိုလ်" (ငြိမ်း)**
**သိက္ခာတော်(၆၁)ဝါ၊ သက်တော်(၈၁)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ သာသနောဒယကျောင်း၊ အနန္တဂုဏ်ရည်ကျောင်း၊ အင်းစိန်မြို့နယ်၊ ဆယ်မိုင်ကုန်း အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက်ကြီးတို့၏ ပဓာနနာယကဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တပဝရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်) သ-စ-အ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ ပါမောက္ခ၊ မဟာဌာနမှူး"အပြည်ပြည်ဆိုင်ရာ ထေရဝါဒသာသနာပြုတက္ကသိုလ်" (ငြိမ်း)သည် (၁၃၈၄-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်) ၂၅-၁၀-၂၀၂၂ (အင်္ဂါနေ့) နံနက် ၁၁:၃၀ နာရီတွင်ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၄-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်) ၂၉-၁၀-၂၀၂၂ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပနသဘင် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း တပည့်သံဃာတော် များနှင့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

စျာပနကျင်းပရေးကော်မတီ

## အထူးကျေးဇူးတင်ရှိခြင်း

**ဦးသိန်းလွင်**
**လက်ထောက်ဌာနမှူး(ငြိမ်း)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**အသက် (၇၉)နှစ်**

၂၇-၁၀-၂၀၂၂ ရက်နေ့တွင် ကွယ်လွန်သွားခဲ့သော ကျေးဇူးရှင်ဖခင်ကြီးဖြစ်သူ ဦးသိန်းလွင်၏ နာရေးကိစ္စအဝဝတို့အား စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးခဲ့ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် (တေဇ-၂၂) မှ သူငယ်ချင်းများအား အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးကျော်စန်းကျော်(ဆင်ဖြူကျွန်း)

**စက်မှု(၁) ဝန်ကြီးဌာန(ငြိမ်း)**
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၁၉၂)၊ စိန်ရတီလမ်း၊ ရတနာကျွန်းရိပ်သာ၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်အေးမြင့် [စက်မှု(၁)-ငြိမ်း]၏ ခင်ပွန်း၊ ဒေါ်မြသန္တာကျော် (တွဲဖက်ပါမောက္ခ-ငြိမ်း၊ ဓာတုဗေဒဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်)၊ ဦးနေလင်းကျော် (THE GIANT CO.,LTD)-ဒေါ်တင်စုလှိုင်တို့၏ ဖခင်၊ မစုလင်းမြင့် (ခေတ္တ-ကနေဒါ)၊ မောင်ရှင်းသန့်အောင် (ခေတ္တ-ကနေဒါ) တို့၏ အဘိုးသည် ၂၈-၁၀-၂၀၂၂ ရက် နံနက် ဝဝ:ဝ၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၃၀-၁၀-၂၀၂၂ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁၁-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် သံဝေဂစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးထွန်းကြည်(လက်ပံတန်း)

**လွှတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်)**
**ဒိုင်မှူးကြီး(ငြိမ်း)၊ ကုန်သွယ်လယ်ယာ**
**အသက်(၉၆)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နေ (ဦးဘမောင်- ဒေါ်သိန်းရွှေ)တို့၏ သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းငွေးကြွယ်(က)ရပ်ကွက်၊ ဇဋ္ဌိလလမ်း၊ အမှတ်(၁၅)နေ (ဒေါ်သန်းမြင့်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးထင်ဇော် (စစ်မှုထမ်း-ငြိမ်း)-ဒေါ်အေးအေး၊ ဦးနုတင် (ဒု-ညွှန်/မှူး၊ ရေသန့်-ငြိမ်း)-ဒေါ်ညွှန့်ညွှန့် (လက်ထောက်ညွှန်/မှူး၊ မြို့ပြ-ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)၊ ဦးခင်မော် (ဦးစီးအရာရှိ-ငြိမ်း၊ မီးသတ်ဦးစီးဌာန)-ဒေါ်ချိုချိုတင်၊ [ဦးဝင်းအောင် (လက်ထောက် ညွှန်/မှူး-ငြိမ်း၊ သစ်တောဦးစီးဌာန)]-ဒေါ်ချိုချိုအောင် (အလယ်တန်းပြ-ငြိမ်း)တို့၏ ဖခင်၊ မြေး ၁၁ ယောက်၊ မြစ် ၁၀ ယောက်တို့၏ အဘိုးသည် ၂၈-၁၀-၂၀၂၂ (သောကြာနေ့) နံနက် ၂:၂၀ နာရီတွင် ရန်ကုန်မြို့ ARYU ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၂၂ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁၁-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တာမွေမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်တင့်တင့်**

**အသက်(၆၄)နှစ်**

ဦးမျိုးသန့် (တွဲဖက်အထွေထွေအတွင်းရေးမှူး၊ UMFCCI)၏ ချစ်လှစွာသောဇနီး ဒေါ်တင့်တင့် အသက်(၆၄)နှစ်သည် ၂၃-၁၀-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၁:၁၃ နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံ ကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်း**

**ဆင်ဖြူကျွန်းအသင်း (ရန်ကုန်)**
**ဂုဏ်ထူးဆောင် နာယကကြီး၊ သက်ကြီး ကန်တော့ခံ ပုဂ္ဂိုလ်**

## ဦးကျော်စန်းကျော်

**စက်မှု(၁) ဝန်ကြီးဌာန(ငြိမ်း)**
**အသက် (၈၈)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၁၉၂)၊ စိန်ရတီလမ်း၊ ရတနာကျွန်းရိပ်သာ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်အေးမြင့် [စက်မှု(၁)-ငြိမ်း]၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မြသန္တာကျော် (တွဲဖက်ပါမောက္ခ-ငြိမ်း၊ ဓာတုဗေဒဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်)၊ ဦးနေလင်းကျော် (THE GIANT CO.,LTD)-ဒေါ်တင်စုလှိုင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မစုလင်းမြင့် (ခေတ္တ-ကနေဒါ)၊ မောင်ရှင်းသန့်အောင် (ခေတ္တ-ကနေဒါ)တို့၏ အဘိုး ဦးကျော်စန်းကျော်သည် ၂၈-၁၀-၂၀၂၂ (သောကြာ နေ့) နံနက် ဝဝ:ဝ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၂၂ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား သိစေရန် အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့
ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဆရာမကြီး ဒေါ်လှကျင် (အငြိမ်းစား)

**အထက(၁)ကွမ်းခြံကုန်း**
**အသက်(၈၄)နှစ်**

ကွမ်းခြံကုန်းမြို့၊ မြို့မပိုင်းနေ(ဦးနေဝင်း-ဒေါ်စန်းတင့်)တို့၏သမီးလတ်၊ (ဦးအောင်သိန်း-ဒေါ်ချော)တို့၏သမီးချွေးမ၊ (ဦးမြင့်ဦး)၏ဇနီး၊ ဒေါက်တာလှမျိုးဦး(ဒုညွှန်မှူး-ငြိမ်း)-ဒေါ်ဆန်းကေသီထွေး၊ ဦးဇော်မိုးဦး-ဒေါ်ဝင်းဝင်းမော်၊ ဒေါက်တာမင်းလွင်ဦး (တွဲဖက်ပါမောက္ခ၊ သင်္ချာဌာန) - ဒေါ်ခင်နွဲ့အောင်၊ ဦးနေမျိုးဦး-မချောစုဝင်းတို့၏ မွေးသမိခင်၊ မောင်မျိုးထက်ကျော်၊မောင်ထက်မျိုးလွင်(အငယ်တန်း အင်ဂျင်နီယာ-၃၊ မြို့ပြ၊ တံတားအထူးအဖွဲ့-၁၀)-မအိမ့်ကျော်ကျော်ဇော၊ မောင်ဆက်မင်းမောင်၊ မောင်အောင်မျိုးကျော်၊ မပန်ဆုမင်းလွင်၊ မချမ်းပြည့်ပြည့်မောင်၊ မပွင့်သံသာမင်းလွင် တို့၏အဘွား၊ မောင်ထူးမြတ်လင်း ၏ဘွားဘွားကြီးသည် ၂၈-၁၀-၂၀၂၂ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၃၀-၁၀-၂၀၂၂ရက် မွန်းလွဲ ၂ နာရီတွင် ကွမ်းခြံကုန်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သင့်
သွေးဖြင့်
အသက်
ကယ်ပါ

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်တင့်တင့်(ပဲခူး)**

**အသက်(၆၄)နှစ်**

ဦးမျိုးသန့် (တွဲဖက်အထွေထွေအတွင်းရေးမှူး၊ UMFCCI)၏ ချစ်လှစွာသောဇနီး ဒေါ်တင့်တင့် အသက်(၆၄)နှစ်သည် ၂၃-၁၀-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၁:၁၃ နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေး**
**ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးချစ်ကိုကို

**မြို့မကျောင်းသားဟောင်း**
**B.A Philosophy**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့နေ (နေရှင်နယ် ဦးအေး-ဒေါ်နုနု)တို့၏ သား၊ မြင်းခြံမြို့နေ (ဦးဘို-ဒေါ်ခင်မေ)တို့၏ သားသမက်၊ [ဒေါ်တင်တင်ဦး (ခ) ရို့စ်မာရီဘို]၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးမြင့်ဆွေ)၊ (ဒေါ်ခင်သွယ်အေး)၊ (ဦးတင့်ဆွေ)၊ (ဦးဝင်းဆွေ)၊ ဒေါ်ခင်နွယ်အေး၊ ဦးကိုမြင့်၊ ဦးမြင့်ဝေတို့၏ ချစ်လှစွာသော ညီ/မောင်၊ (ဒေါက်တာချစ်ညီညီ)၏ ချစ်လှစွာသောအစ်ကိုသည် ၂၇-၁၀-၂၀၂၂ ရက် နံနက် ၁၀:၁၀ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၂၂ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆)၊ လူနေရပ်ကွက်အမှတ်(သုမင်္ဂလာအိမ်ရာ)၊ မြေကွက်အမှတ်(၁၃/အေ)၊ အကျယ်အဝန်း (၀.၁၁၀)ဧကအကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် (အရပ်ခေါ်) ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာ(၁)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ အမှတ်(၁၃/ခ) ဟုခေါ်တွင်သည့် ရေမီးစုံလင်စွာပါရှိသော နှစ်ထပ်တိုက်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော လိုင်နာအာသာစတန်လေ(ခ)ဦးဥာဏ်ထွန်း (၁၂/တမန(နိုင်)၀၆၁၄၇၉)၊ ဒေါ်မာလာသောင်း (၁၂/ဗဟန(နိုင်)၀၀၅၁၈) (J/RGN-၀၅၀၃၃၆)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရံငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေများ | |
|---|---|---|
| ဒေါ်မေမြတ်ချိန် | ဒေါ်ဝတ်ရည်ငွေး | ဦးရဲသီဟ |
| LL.B,D.B.L | LL.B,LL.M | LL.B |
| (စဥ်-၁၁၃၁၁) | (စဥ်-၃၆၉၁၇) | (စဥ်-၃၁၅၉၇) |

ရုံးချုပ် - အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ - 01 - 2304311, 510760, 510940, 510950, 500643, 502517
ရုံးခွဲ - အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ - 01 - 552742, 01- 559320, 01-8603230, 01-8603231
Email - soesanrealestate@gmail.com

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ် (၂၂/က)၊ မြေကွက်တည်နေရာအမှတ်(၁၃၅)၊ သော်ကလမ်း၊ (င/ခ)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် ဒေါ်မြသိန်း [၁၂/သဃက(နိုင်)၁၄၄၇၄၅] အမည်ပေါက် ဘီလ/န၃(ခ) မြေအား အမည်ပေါက် ဒေါ်မြသိန်း(မိခင်)သည်(၁၂-၅-၂၀၂၂)ရက်နေ့တွင်လည်းကောင်း၊ ဦးထွန်းစိန် (ဖခင်)သည် (၁၈-၉-၂၀၁၃)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဦးသန်းဦး[၁၂/သဃက(နိုင်)၁၄၄၇၄၆]၊ ဦးလှဝင်း [၁၂/သဃက(နိုင်)၁၄၄၇၄၇]၊ ဒေါ်စန္ဒာအိအိချော [၁၂/သဃက(နိုင်)၁၆၄၇၄၇]တို့က တရားဝင်အမွေဆက်ခံခွင့်ရှိသည့် သားသမီးများတော်စပ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာအမှတ် (၆၁/၂၀၂၂) (၁၃-၉-၂၀၂၂)၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ၎င်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၄၅၁၅/၂၀၂၂ (၁၇-၈-၂၀၂၂)ဖြင့် ရရှိသူ GP ဒေါ်စန္ဒာအိအိချောမှ ကိုယ်တိုင်နှင့် GP ရယူ၍ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကတိသစ္စာပြုလွှာ (၁၁၅၅/၉-၉-၂၀၂၂)တို့ တင်ပြပြီး ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည့်ဝဆီများကို
တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ကြပါစို့

အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း
(MASK) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ယနေ့တပ်မတော်က နိုင်ငံတော်တာဝန်ကို ရယူထမ်းဆောင်နေရခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆောင်ရွက်နေခြင်းပဲဖြစ်ပါတယ်။ ယခင်အစိုးရ တာဝန်ရှိသူတွေ၊ ရွေးကောက်ပွဲကိုယ်စားလှယ်တွေနဲ့ ရွေးကောက်ပွဲမှာ တာဝန်ရှိသူအသီးသီးတို့က အခြေခံဥပဒေနဲ့ တည်ဆဲဥပဒေတွေကို ချိုးဖောက်ခဲ့တဲ့အတွက် ဒီလိုဖြစ်ခဲ့ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ တည်ထောင်စ ဒီမိုကရေစီစနစ် ညှိုးနွမ်းခဲ့ရပါတယ်။ ဒီလိုကိစ္စတွေ ထပ်မဖြစ်ဖို့လိုပါတယ်။ ဒီမိုကရေစီအနိုင်ကျင့်မှု၊ ဒီမိုကရေစီအမည်ခံ အာဏာရှင်စနစ်ထူထောင်မှု၊ အဖွဲ့အစည်း(Institution)ထက် ပုဂ္ဂိုလ်ရေးဩဇာထူထောင်မှုတွေ ထပ်မံမပေါ်ပေါက်အောင် ဆောင်ရွက်ရပါမယ်။ ရွေးကောက်ပွဲတွေမှာ ကြီးမားတဲ့ မဲမသမာမှုတွေမဖြစ်အောင် ဆောင်ရွက်ရပါမယ်။ ဒီအတွက် ခုချိန်မှာ အခြေခံအုတ်မြစ်တည်ဆောက်ဖို့လိုပါမယ်။ အခြေခံရမယ့်အချက်တွေ ခိုင်မာဖို့လိုပါမယ်။ ဒါတွေကို ဆောင်ရွက်နိုင်ဖို့ ပြည်သူလူထုနဲ့ ပြည်ထောင်စုနိုင်ငံရဲ့ အနာဂတ်ကောင်းကျိုးကို ရည်မှန်းပြီး ကျွန်တော်တို့အစိုးရက ဆောင်ရွက်လျက်ရှိပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး(၂/၂၀၂၂)တွင် ပြောကြားချက်များမှ ကောက်နုတ်ချက်)

၃၁-၇-၂၀၂၂

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၆ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၈

၂၀၂၂ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၆ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်အဖြစ် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့၏ ယှဉ်ပြိုင်မှုကို အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၃နာရီတွင်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့၏ ယှဉ်ပြိုင်မှုကို အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၃ နာရီတွင်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်ကို နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၃ နာရီတွင်လည်းကောင်း နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အကြိုဗိုလ်လုပွဲ ဘောလုံးပွဲစဉ်များအား အောက်တိုဘာ ၃၀ ရက်နှင့် ၃၁ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV – HD နှင့် MRTV Sports Channel တို့တွင်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်ကို နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV – HD၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုတို့တွင်လည်းကောင်း တိုက်ရိုက် (Live)ရိုက်ကူးထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် နိုင်ငံတကာထုတ်ကုန်ပြပွဲတွင် မြန်မာထွက်ကုန်ထောပတ်သီးများ ပြသမည်

ပြင်ဦးလွင် အောက်တိုဘာ ၂၈

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် နိုင်ငံတကာထုတ်ကုန်ပြပွဲတွင် မြန်မာထွက်ကုန်ထောပတ်သီးများကို ဝင်ရောက်ပြသသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောသည်။



အဆိုပါ ဗန်ကောက်မြို့တွင် လာမည့် နိုဝင်ဘာလထဲ၌ ကျင်းပမည့် ထုတ်ကုန်ပြပွဲတွင် မြန်မာထွက်ကုန် ထောပတ်သီးများဖြစ်သော ဟက်(စ်)မျိုး၊ ပက်ကာတန် ထောပတ်သီးမျိုးတို့ကို ဝင်ရောက်ပြသပေးသွားမည် ဖြစ်ကြောင်း၊ ထိုသို့ ပြသနိုင်ခြင်းကြောင့် နိုင်ငံတကာနှင့် ဈေးကွက်ချိတ်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာထွက်ကုန် ထောပတ်သီးများကို နိုင်ငံတကာက စိတ်ဝင်စားမှုများရှိနေ၍ ဝင်ရောက် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❖

## MNL ပြိုင်ပွဲ ပွဲစဉ်(၁၈) ဆက်လက်ကျင်းပမည်



ရန်ကုန် အောက်တိုဘာ ၂၈

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၈)ကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲပြီးဆုံးရန် တဖြည်းဖြည်းနီးကပ်လာပြီဖြစ်ပြီး အသင်းအားလုံးနီးပါးအတွက် ရည်မှန်းချက်ကိုယ်စီ အရေးပါသည့် ကာလလည်းဖြစ်သည်။ ယခုတစ်ပတ်တွင် ချန်ပီယံအသင်းထွက်ပေါ်လာနိုင်သလို တန်းဆင်းရမည့်နောက်တစ်သင်းလည်း ထွက်ပေါ်နိုင်သည့် အခြေအနေရှိနေသည်။

စာမျက်နှာ ၂၂ ကော်လံ ၅ သို့ ✳

**ယနေ့** ဖတ်စရာ

အကြမ်းဖက်သမားလူအုပ်စုများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများ အသုံးပြု၍ အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်

စာမျက်နှာ » ၁၇

လေ့လာစရာ အင်္ဂလိပ်စာ

စာမျက်နှာ » ၂၀၊ ၂၁